# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၂၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၈၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီး တုံ့ပြန်ရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများအား လိုက်လံကြည့်ရှုစဉ်။

## မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့်အခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးငလျင်ကြီးတုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား အမှတ်တရဂုဏ်ပြုတံဆိပ်များပေးအပ်ချီးမြှင့်

နေပြည်တော် မတ် ၂၈

မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❖*

**ယနေ့ ဖတ်စရာ**


ကိန်းဂဏန်းများက သက်သေထူနေသည့် မြန်မာနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အမှန်တရား — ဆောင်းပါး — စာ ၈

(၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများစိုက်ထူထားပြီးတပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင် — ပြည်တွင်းသတင်း — စာ ၁၂




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား အမှတ်တရဂုဏ်ပြုတံဆိပ်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးအား အမှတ်တရဂုဏ်ပြုတံဆိပ်ပေးအပ်စဉ်။

❖ *ရွှေဖုံးမှ*

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင် ပါဝင်ခဲ့သည့် ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များ၊ ထောက်ပံ့ပစ္စည်းများ လှူဒါန်းခဲ့သော နိုင်ငံ/ အဖွဲ့အစည်းများ၏ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးကိုယ်စားလှယ်များ၊ စစ်သံမှူးများ၊ မန္တလေးငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဆောက်လုပ်ရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ငလျင်ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝမ်းနည်းခြင်းအထိမ်းအမှတ်**
**တစ်မိနစ်ငြိမ်သက်**
**ဦးညွှတ်ဂါရဝပြု**

ဦးစွာ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့်အခမ်းအနားသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၌ ပမာဏ ၇ ဒသမ ၇ (မဂ္ဂနီကျူ)ရှိသည့် အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သည်မှာ(၁) နှစ်ပြည့်ခဲ့ပြီဖြစ်သဖြင့် ငလျင်ကြီးကြောင့် မိဘပြည်သူများ၏ အသက်ဆုံးရှုံးမှုများ၏ ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြေကွဲမှုများနှင့်အတူ ပြန်လည်ထူထောင်မှုများ လုပ်ဆောင်နေမှု အထိမ်းအမှတ် နှစ်ပတ်လည် အခမ်းအနားပင်ဖြစ်ကြောင်း။

မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၁၀) ခု၌ သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ငါးဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦး၊ ဘေးသင့်အိမ်ထောင်စု ၁၆၂၅၆၃ စု၊ ဘေးသင့်လူဦးရေ ၄၂၄၀၆၃ ဦးနှင့် ယာယီရွှေ့ပြောင်း လူဦးရေ ၂၇၉၁၁၁ ဦးရှိခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနေဖြင့် စုစုပေါင်း တန်ဖိုးကျပ် ၇၉၇၉ ဘီလီယံ ကျော်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများစွာရှိခဲ့သကဲ့သို့ ပြည်သူတစ်ဦး၊ တစ်ယောက်ချင်းစီနှင့် မိသားစုများတွင်လည်း စီးပွားရေး၊ လူမှုရေးကအစ ထိခိုက်နစ်နာဆုံးရှုံးမှုများစွာရှိခဲ့ရသောကြောင့် မိမိတို့အတွက် ကြီးမားသည့် သင်ခန်းစာဟုပင် ပြောရမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးပြီးချင်း ငလျင်ဘေးသင့်နေရာများကို ချက်ချင်းသွားရောက်ကြည့်ရှုခဲ့ရာ ပျက်စီးဆုံးရှုံးမှု ပမာဏများပြားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ချက်ချင်းဆိုသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့ရှိငလျင်ဒဏ်သင့်နေရာများကို အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာပြီး ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ၊ ပြည်တွင်းပြည်ပက အကူအညီ အထောက်အပံ့များ ပေးအပ်နိုင်ရန် ချက်ချင်းဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း။

ငလျင်ဒဏ်သင့်သူများအတွက် ပြည်တွင်း ပြည်ပအလှူရှင်များထံမှ လူသားချင်းစာနာမှုအကူအညီများသည် ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းတို့ဖြင့် တဖွဲဖွဲ ရောက်ရှိလာခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စင်ကာပူနိုင်ငံမှ အဖွဲ့အစည်းများ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ UAE နိုင်ငံ၊ ဗင်နီဇွဲလားသမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ AHA Centre စသည့် နိုင်ငံနှင့်အဖွဲ့အစည်းများမှ ပေးပို့လှူဒါန်းသည့် ပစ္စည်းစုစုပေါင်း ၂၆၆၁ ဒသမ ၃၂ တန်ကို လက်ခံရရှိခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ငလျင်ဘေးသင့်ဒေသများဆီသို့ လက်ကျန်မရှိဖြန့်ဝေပေးခဲ့ကြောင်း။

*စာမျက်နှာ ၄ သို့*

# ငလျင်ဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပြသခဲ့ကြသည့် မိဘပြည်သူများ၏ မေတ္တာ စေတနာ၊ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုနှင့် ဇွဲလုံ့လများသည် မိမိတို့နိုင်ငံအတွက် အကြီးမားဆုံးနှင့် ဂုဏ်ယူစရာအကောင်းဆုံး အမျိုးသားရေးဆိုင်ရာ အရင်းအနှီးများပင်ဖြစ်

## တစ်မိနစ်ငြိမ်သက် ဦးညွတ်ဂါရဝပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွတ်ဂါရဝပြုကြစဉ်။





*စာမျက်နှာ ၃ မှ*

ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ယာယီနေထိုင်ရေး၊ ယာယီရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် Prefabricated Office များ၊ Prefabricated House များ၊ ငလျင်ဘေးတုံ့ပြန်ရေးလုပ်ငန်းများအတွက် စက်သုံးဆီများ၊ အရေးပေါ်ခွဲစိတ်ခန်းများ၊ ဆေးဝါးများကိုလည်း စနစ်တကျ ဖြန့်ခွဲအသုံးပြုခဲ့ကြောင်း။

အရေးပေါ် ရှာဖွေကယ်ဆယ်ရန်၊ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေး ဝန်ထမ်း ၁၉၃၅ ဦး၊ ကျန်းမာရေးစောင့်ရှောက်ရေး ပညာရှင်နှင့် ဆရာဝန် ၈၄၅ ဦးတို့ လာရောက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအပါအဝင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များသည် အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ခက်ခက်ခဲခဲ အင်တိုက်အားတိုက်စွန့်စားပြီး ကြိုးပမ်းရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့်အတွက် အသက်ရှင်လျက် စုစုပေါင်း ၆၅၃ ဦး ကယ်ဆယ်နိုင်ခဲ့ကြောင်း။



ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ယူအေအီးနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ယူအေအီးနိုင်ငံ သံအမတ်ကြီးအား အမှတ်တရ ဂုဏ်ပြုတံဆိပ်ပေးအပ်စဉ်။



ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီရိလင်္ကာနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား အမှတ်တရ ဂုဏ်ပြုတံဆိပ်ပေးအပ်စဉ်။

ငလျင်ဘေး ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပြသခဲ့ကြသည့် မိဘပြည်သူများ၏ မေတ္တာ စေတနာ၊ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုနှင့် ဇွဲလုံ့လများသည် မိမိတို့နိုင်ငံအတွက် အကြီးမားဆုံးနှင့် ဂုဏ်ယူစရာအကောင်းဆုံး အမျိုးသားရေးဆိုင်ရာ အရင်းအနှီးများပင်ဖြစ်ကြောင်း၊ အသက်အန္တရာယ်များကြားမှ ကြံ့ခိုင်ရဲဝံ့စွာဖြင့် သတ္တိရှိရှိ ကြိုးစားရှင်သန်ကျန်ရစ်ပေးကြသည့် ပြည်သူများကို ဝမ်းမြောက်ဂုဏ်ပြုပါကြောင်းနှင့် သက်စွန့်ကြိုးပမ်းရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအပါအဝင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များကိုလည်း နိုင်ငံတော်၊ ပြည်သူအားလုံးနှင့် ရှင်သန်ကျန်ရစ်သူများကိုယ်စား အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်းကို အလေးအနက် ပြောကြားလိုကြောင်း။

### အားသွန်ခွန်စိုက် စနစ်တကျဆောင်ရွက်ပေးခဲ့

သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC)ကို ငလျင်ဖြစ်ဖြစ်ပြီးချင်း ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ညနေပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို ကဏ္ဍအလိုက် နေ့ညမပြတ် အားသွန်ခွန်စိုက်ဖြင့် စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်ကြောင့် ပြိုကျအဆောက်အအုံများ အတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်နိုင်ရေး၊ ငလျင်ဘေးသင့်သူများ မိုးမကျမီ ယာယီအမိုးအကာအောက်ရောက်ရှိရေး၊ လတ်တလော စားဝတ်နေရေး အဆင်ပြေစေရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး၊ ကျောင်းများအချိန်မီပြန်ဖွင့်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စသည်များကိုဦးစားပေးပြီး အလျင်အမြန် လုပ်ပေးခဲ့ကြောင်း။

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

နိုင်ငံတော်အနေဖြင့် မန္တလေးလျှောင်ကြောင့် သေဆုံးခဲ့သူတစ်ဦးကို ကျပ် ၁၀ သိန်းနှုန်းဖြင့် ကျန်ရစ်သူ မိသားစုများကို ထောက်ပံ့ပေးခဲ့သကဲ့သို့ ထိခိုက်ဒဏ်ရာရသူများနှင့် ပြည်သူလူထု အိမ်ရာပျက်စီးမှုများအတွက် ငွေနှင့် တည်ဆောက်ရေးပစ္စည်းများကို ငွေကျပ်ဘီလီယံ ၁၆၀၀ ကျော် ထောက်ပံ့ပေးခဲ့ကြောင်း၊ ဘာသာရေးကျောင်းများ၊ ရုံးဌာနများနှင့် ဝန်ထမ်းအိမ်ရာများ၊ ပညာရေး၊ ကျန်းမာရေးနှင့်အခြေခံအဆောက်အအုံများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြင်ဆင်မွမ်းမံရန်၊ အသစ်ပြန်လည် တည်ဆောက်ရန် ထောက်ပံ့ခြင်း စသည်တို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၃၄၂၁ ဒသမ ၉၅၇ ဘီလီယံကျော် ထောက်ပံ့ပေးခဲ့ကြောင်း။

**မဏ္ဍိုင်ကြီးသုံးရပ်ဖြင့်ဆောင်ရွက်**

နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မှ ချန်လှပ်မှုမရှိစေရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုနှင့် လူမှုကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေး ပြန်လည်ရှင်သန်ရေးနှင့် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ရေး စသည့် မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် ဆောင်ရွက်ရန် လမ်းညွှန်အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း လျှောင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲကိုကျင်းပခဲ့ပြီး မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်နိုးထ ရှန်းကန်ရှင်သန်နိုင်ရေး နည်းလမ်းနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ဆွေးနွေးအဖြေရှာဆောင်ရွက်ခဲ့ကြကြောင်း။

အလားတူ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းနှင့် စပ်လျဉ်းပြီး လျှောင်ဘေးကြောင့် လူသေဆုံးမှု အများစုအနေဖြင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ သတ်မှတ်ချက်များ၊ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်မညီညွတ်ဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများ ပြိုကျပျက်စီးမှုကြောင့်ဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်ကာလ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ပြင်းအားအဆင့်(၈)အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများ ဆောက်လုပ်သွားရန်၊ မူလထက် ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများဖြစ်စေရေး၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြို့များကို ဖော်ဆောင်ပေးနိုင်ရေး မူဝါဒများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး အလေးနက်ထား လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

**သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင်ဆောင်ရွက်**

အနာဂတ်တွင် ဘေးအန္တရာယ်မှ လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဖန်တီးတည်ဆောက်မည်ဆိုပါက ဘေးကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများ အပေါ် သင်ခန်းစာယူပြီး နောင်တွင် အဆောက်အအုံများ၊ လမ်းတံတားများ တည်ဆောက်ရာတွင် Building Codes အပါအဝင် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်သွားကြရေးသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ တည်ဆောက်ရေး ကဏ္ဍတွင် ဦးထမ်းပွဲထမ်း ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ တည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသူများ အပါအဝင် သက်ဆိုင်သူအားလုံး အနေဖြင့် အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးအန္တရာယ် ကင်းရှင်းပြီး စိတ်ချလုံခြုံသည့် အခြေခံအဆောက်အအုံများ ဖန်တီးဆောက်လုပ်ပေးကြရန် ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် လျှောင်ဘေး ပြန်လည်ထူထောင်ရေးကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်ထိ ကဏ္ဍအသီးသီးတွင် ပြီးစီးမှု ၈၄ ရာခိုင်နှုန်းခန့်ရှိပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ မကြာမီကာလအတွင်း နိုင်ငံ့တာဝန်ကို လွှဲပြောင်းယူမည့် အစိုးရသစ်အနေဖြင့် လက်ရှိ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လျှောင်ဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ထိုကဲ့သို့ ရာသီဥတု သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများအပြင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေရှိသည့် စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍစုံတွင် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲ နိုင်စွမ်းတို့ကို အခြေခံတွက်ချက်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ဘေးဖြစ်နိုင်ခြေနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်ကိန်း ၂၀၂၅ (World Risk Index)အရလည်း မြန်မာနိုင်ငံသည် အဆင့် ၆ နေရာတွင် ရှိနေကြောင်း၊ ယင်းတို့ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ကဏ္ဍတိုင်းတွင် သေချာထည့်သွင်း ဆောင်ရွက်ကြရန် အရေးတကြီးလိုအပ်နေသည်ကို အထူးသတိပြုလိုက်နာ ဆောင်ရွက်ကြရန် အသိပေး ပြောကြားလိုကြောင်း။

တပ်မတော်အစိုးရတာဝန်ယူသည့် ၅ နှစ်တာကာလအတွင်း ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါဘေး၊ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းဘေးနှင့် ၂၀၂၅ ခုနှစ်တွင် မန္တလေးလျှောင်ဘေးတို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အဆိုပါ သဘာဝဘေး အန္တရာယ်များကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးခဲ့ရုံမျှမက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဟန့်အတား ဖြစ်စေခဲ့ကြောင်း။

**ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှား**

အင်အားအလွန် ပြင်းထန်သည့် မန္တလေးလျှောင်ကြီးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ရုံမျှမက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကိုလည်း ကြီးမားစွာ ထိခိုက်ခဲ့ရသော်လည်း မြန်မာလူမျိုးများ၏ ပြင်းပြသည့် စိတ်ဓာတ်နှင့် ကြံ့ကြံ့ခံနိုင်မှု၊ စုစည်းညီညွတ်မှုများကြောင့် အခက်အခဲ၊ အဟန့်အတားများကို အောင်မြင်သည့် အတိုင်းအတာတစ်ခုအထိ ရင်ဆိုင်ကျော်လွှားသွားနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ဆက်လက်၍လည်း မူလအခြေအနေထက် သာလွန်အောင် ပြန်လည်တည်ဆောက်နိုင်လိမ့်မည်ဟု အခိုင်အမာပြောကြားလိုကြောင်း။ *စာမျက်နှာ ၆ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးလျှောင်ကြီး တုံ့ပြန်ရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများအား လိုက်လံကြည့်ရှုစဉ်။

**◆ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး လျှောင်ဘေးကြောင့် လူသေဆုံးမှုအများစုအနေဖြင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ သတ်မှတ်ချက်များ၊ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများ ပြိုကျပျက်စီးမှုကြောင့်ဖြစ်သည်ကို စိစစ်တွေ့ရှိရ၊ ထို့ကြောင့် နောင်အနာဂတ်ကာလ အဆောက်အအုံများဆောက်လုပ်ရာတွင် ပြင်းအားအဆင့်(၈)အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများ ဆောက်လုပ်သွားရန်၊ မူလထက် ပိုမိုကောင်းမွန်သည့်အဆောက်အအုံများ၊ လမ်းတံတားများဖြစ်စေရေး၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြို့များကိုဖော်ဆောင်ပေးနိုင်ရေး မူဝါဒများချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး အလေးနက်ထား လိုက်နာဆောင်ရွက်သွားကြရန်လိုအပ်**

*စာမျက်နှာ ၅ မှ*

အစကောင်းမှ အနှောင်း သေချာဆိုသကဲ့သို့ သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေ လျှော့ချရေးလုပ်ငန်းများ တွင် မူလကတည်းက ထိထိ ရောက်ရောက် ကြိုတင်စီမံ ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ထားမှသာလျှင် သဘာဝဘေးကြောင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် သုံးစွဲရသည့် ကုန်ကျစရိတ်ကို ခုနစ်ဆခန့် လျှော့နည်းသက်သာ စေနိုင်သည်ဟု ပညာရှင်များ က ဖော်ထုတ်ထားသည့်အတွက် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစဉ်များတွင် ဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးတို့ကို မဖြစ်မနေ ထည့်သွင်းစဉ်းစား အကောင် အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းတည် ဆောက်ရာတွင်လည်း နိုင်ငံတော် အစိုးရ၏ အင်အားတစ်ခုတည်း ဖြင့် မလုံလောက်ဘဲ အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း နည်းလမ်းဖြင့် ဆောင်ရွက်မှသာ အောင်မြင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက် အခဲအမျိုးမျိုး ရင်ဆိုင်ရချိန်တိုင်း တွင် “We are Stronger, We are Together” ဟူသည့် စိတ်ဓာတ် ခံယူချက်ဖြင့် ကြံ့ကြံ့ခံကျော်လွှား ပေးခဲ့ကြသကဲ့သို့အနာဂတ်ကာလ နိုင်ငံ၏မျက်နှာစာသစ် ဖွင့်လှစ်မှု ခရီးတွင်လည်း အလားတူ စိတ်ခွန် အားများကို ဆက်လက်မွေးမြူပြီး နိုင်ငံတော်နှင့် ပြည်သူ ကြည်ဖြူစွာ လက်တွဲရင်ဆိုင် ကျော်ဖြတ်သွား ကြရန် မှာကြားလိုကြောင်း။

အနာဂတ်တွင် သဘာဝ ဘေးဒဏ်အပါအဝင် နိုင်ငံအတွက် ကျရောက်လာမည့် အန္တရာယ် ရန်စွယ် အခက်အခဲမှန်သမျှကို စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်း ရင်ဆိုင်ပြီး ကြံ့ကြံ့ခံနိုင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ တော်ကြီးကို တည်ဆောက်ကြပါ ဟု တိုက်တွန်းပြောကြားရင်း လျှင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ရဟန်း ရှင်လူအပေါင်း ကောင်းရာမွန်ရာ ရောက်ရှိကြပါစေကြောင်း၊ နိုင်ငံ တော်ကြီးသည်လည်း အနာဂတ် တွင် ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းရှင်းပြီး တိုင်းရင်းသားမိဘ ပြည်သူအားလုံး ကျန်းမာချမ်းသာ ကြပါစေကြောင်းကို ဆန္ဒပြုပါ ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးငလျင် ကြီး တုံ့ပြန်ရေးလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်ခဲ့သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်း များအား အမှတ်တရဂုဏ်ပြု တံဆိပ်များ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မန္တလေး ငလျင်ကြီး တုံ့ပြန်ရေးလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခဲ့သော တပ်မတော်သားများ ကိုယ်စား တပ်မတော်အရာရှိကြီးတစ်ဦးကို လည်းကောင်း၊ တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးကို လည်းကောင်း၊ ရုရှားနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံအမတ်ကြီးကို လည်း ကောင်း အမှတ်တရဂုဏ်ပြု တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းက နီပေါနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးကိုလည်းကောင်း၊ ဘာရာဇီးနိုင်ငံကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား ဘာရာဇီးနိုင်ငံ သံအမတ် ကြီးကိုလည်းကောင်း၊ ယူအေအီး နိုင်ငံကယ်ဆယ်ရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ယူအေအီး နိုင်ငံသံအမတ်ကြီးကို လည်း ကောင်း၊ သီရိလင်္ကာနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ သံအမတ်ကြီးကိုလည်း ကောင်းအမှတ်တရဂုဏ်ပြုတံဆိပ် များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်း ဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တို့က မန္တလေးငလျင်ကြီး တုံ့ပြန် ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့သော နိုင်ငံများ အလိုက်မှ ကယ်ဆယ်ရေးအဖွဲ့ များကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံ များ၊ စစ်သံမှူးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ငလျင် ကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီ ယာကောင်စီ၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ချုပ်၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း တို့မှ ကိုယ်စားလှယ်များအား အမှတ်တရ ဂုဏ်ပြုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် မန္တလေးငလျင် ကြီးလှုပ်ခတ်မှု (၁) နှစ်ပြည့် မှတ် တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံ တော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မန္တလေးငလျင်ကြီး တုံ့ပြန်ရေး ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံ များနှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများအား လိုက်လံကြည့်ရှု ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရ ဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရ ဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရ ဂုဏ်ပြုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူး၍ တစ်နှစ်ပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော်  မတ်  ၂၈**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူး၍ တစ်နှစ်ပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာ ဝါဝါမောင်၊ ဒေါက်တာသီတာဦး၊ ဦးတင်ဦးလွင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူ၍ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူးပြီး ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့်အခမ်းအနား ကျင်းပ

**တောင်ကြီး  မတ်  ၂၈**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တက္ကသိုလ် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**တစ်မိနစ်ငြိမ်သက်**

ဦးစွာ အခမ်းအနားတွင် မန္တလေးငလျင်လှုပ်ခတ်မှု တစ်နှစ်ပြည့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက တစ်မိနစ် မတ်တပ်ရပ်ငြိမ်သက်ခြင်းကို ဆောင်ရွက်ကြသည်။

**အလေးထားဆောင်ရွက်ခဲ့**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း ငလျင်လှုပ်ခတ်မှုကြောင့် မြို့နယ် ၁၂ ခုတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ကလော၊ ညောင်ရွှေ၊ တောင်ကြီးနှင့် ပင်လောင်းမြို့တို့တွင် သေဆုံးသူ ၆၈ ဦးရှိခဲ့ကြောင်း၊ ဘေးသင့်အိမ်ထောင်စု ၅၀၈၇ စုနှင့် လူဦးရေ ၂၁၄၆၈ ဦး အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး လုံးဝပျက်စီးနေအိမ် ၂၄၅၀ နှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ် ၂၂၄၃ လုံးရှိကာ ညောင်ရွှေမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ခြောက်ခု ဖွင့်လှစ်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးစခန်းတွင် ငလျင်ဘေးသင့်ပြည်သူ ၁၂၇၂ ဦး လာရောက်ခိုလှုံခဲ့ကြကြောင်း၊ အရေးပေါ်လိုအပ်ချက်များဖြစ်သည့် စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများ၊ သောက်သုံးရေ၊ အမိုးအကာရရှိရေး၊ ဘေးကင်းလုံခြုံရေးတို့အပြင် နောက်ဆက်တွဲရောဂါများ မဖြစ်ပေါ်ရေးတို့အတွက်လည်း အလေးထားဆောင်ရွက်ခဲ့ပြီး အလှူရှင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ လှူဒါန်းမှုများကိုလည်း စနစ်တကျလက်ခံဖြန့်ခွဲပြီး ဘေးသင့်ပြည်သူများထံသို့ အမှန်တကယ်ရောက်ရှိအောင် ကြိုးကြပ်ဆောင်ရွက်ခဲ့ကြောင်း။

**အကောင်အထည်ဖော်သွားမည်**

ရှမ်းပြည်နယ်အနေဖြင့် ငလျင်ကြောင့် ပျက်စီးမှုကဏ္ဍအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းပေါင်း ၂၇၈၅ ခုရှိပြီး တန်ဖိုး ၂၆ ဒသမ ၇ ဘီလီယံကျော်ရှိကြောင်း၊ လုပ်ငန်းအားလုံး၏ ၈၂ ဒသမ ၂၃ ရာခိုင်နှုန်းကို တစ်နှစ်အတွင်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၁၆ ဒသမ ၅၉ ရာခိုင်နှုန်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၀ ဒသမ ၁၈ ရာခိုင်နှုန်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် Video Clip ကို ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု တစ်နှစ်ပြည့် အရေးပေါ်တုံ့ပြန်ရေး၊ ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။(အပေါ်ပုံ) **မောင်မောင်သန်း(တောင်ကြီး)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဧည့်ခံပွဲအခမ်းအနား ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပ

**ဆိုးလ် မတ် ၂၇**

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို မြန်မာသံရုံးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံး(ဆိုးလ်)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ယမန်နေ့ ညပိုင်းက ဆိုးလ်မြို့ Mondrian Seoul Itaewon ၌ ကျင်းပသည်။



အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံတော် သီချင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်ပြီး ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက် ဆုတောင်းကြသည်။ ထို့နောက် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံ/ မြန်မာသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးမျိုးမြင့်မောင်နှင့် မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင့်သူတို့က ဂုဏ်ပြုစကားများ ပြောကြားကြပြီး တပ်မတော်နေ့ ဂုဏ်ပြုမှတ်တမ်းဗီဒီယိုပြသကာ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဆက်လက်၍ တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုကိတ်ခွဲကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား မြန်မာ့ရိုးရာ အစားအသောက်များ (မုန့်ဟင်းခါး၊ ထမနဲ၊ မုန့်လုံးရေပေါ်) အပါအဝင် ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဆိုးလ်မြို့အခြေစိုက် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဆိုးလ်အခြေစိုက် ပြည်ပနိုင်ငံများမှ စစ်သံမှူးများ၊ သံတမန်များ၊ အာဆီယံ-ကိုရီးယားဗဟိုဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ၊ ဧည့်သည်တော်များ စုစုပေါင်း ၂၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# ကိန်းဂဏန်းများက သက်သေထူနေသည့် မြန်မာနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အမှန်တရား

မင်းခန့်

လူအများသိနေကြတဲ့ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုတွေဟာ မြန်မာနိုင်ငံက စတင်ခဲ့တာမဟုတ်ဘဲ နိုင်ငံခြားသား ဝိသမလောဘသားများက အရှေ့တောင်အာရှနိုင်ငံအချို့ရဲ့ နယ်စပ်တွေမှာအခြေချပြီး တရားမဝင် လုပ်ကိုင်နေတဲ့ နိုင်ငံဖြတ်ကျော် မှုခင်းတွေဖြစ်ပါတယ်။ အဲဒီနိုင်ငံဖြတ်ကျော်မှုခင်းတွေကို ဦးဆောင်ကျူးလွန်နေသူတွေဟာ ပြည်ပနိုင်ငံသားတွေသာဖြစ်ပြီး အခြားနိုင်ငံသားများကို ပြစ်မှုကျူးလွန်ရန် အသုံးချရာမှတစ်ဆင့် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှု၊ လက်နက်ခဲယမ်း တရားမဝင်မှောင်ခိုရောင်းဝယ်မှုစတဲ့ ရာဇဝတ်မှုကြီးများနဲ့ ဆက်နွှယ်ရာကနေ ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်းလုံးကိုပါ ခြိမ်းခြောက်လာတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှုယန္တရားအလှမ်းမမီတဲ့ လက်နက်ကိုင်သောင်းကျန်းသူအချို့ရဲ့ နယ်မြေတွေမှာ အွန်လိုင်းလိမ်လည်မှုဂိုဏ်းများက စိမ့်ဝင်လာပြီး အွန်လိုင်းလိမ်လည်မှုအပါအဝင် ဆက်စပ်ရာဇဝတ်မှုခင်းများ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ဒီပြဿနာကို ရိုးရိုးသာမန်ရာဇဝတ်မှုများလို သဘောမထားဘဲ ပြတ်ပြတ်သားသား နှိမ်နင်းခဲ့တာကို ဖမ်းဆီးရမိခဲ့တဲ့ဖြစ်စဉ်များ၊ ပါဝင်ပတ်သက်ခဲ့တဲ့ ပြည်ပနိုင်ငံသားများ၊ တရားမဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ မြန်မာနိုင်ငံသားများနဲ့ ဖမ်းဆီးရမိခဲ့တဲ့ ဆက်စပ်ပစ္စည်း ကိန်းဂဏန်းများက သက်သေပြနေပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံနဲ့ တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေတဲ့ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ခံယူပြီး အားသွန်ခွန်စိုက် အင်တိုက်အားတိုက် ပြတ်ပြတ်သားသား နှိမ်နင်းလျက်ရှိသလို အရေးယူဆောင်ရွက်ချက်တွေကိုလည်း ပွင့်လင်းမြင်သာစွာ သတင်းများ ထုတ်ပြန်အသိပေးလျက်ရှိပါတယ်။

ဒီလိုလုပ်ဆောင်နေတာဟာ နိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်သစ်လူငယ်တွေ ဒုစရိုက်ဘေးကနေ ကင်းဝေးစေဖို့နဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အပြည့်အဝအကာအကွယ်ပေးဖို့အတွက် ဥပဒေနဲ့အညီ လုပ်ဆောင်ပေးနေတာဖြစ်သလို မြန်မာနိုင်ငံမှာ အခြေပြုပြီး နယ်စပ်ဖြတ်ကျော်မှုခင်းများ နိုင်ငံတကာကို မရောက်ရှိသွားစေရေးအတွက် တာဝန်သိမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။



KK Park နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးနေမှုများကို တွေ့ရစဉ်။

အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုဂိုဏ်းတွေ စိမ့်ဝင်နေပြီး အစိုးရအုပ်ချုပ်ရေးယန္တရား အပြည့်အဝမရှိတဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့ နယ်မြေတွေမှာ အခြေပြုနေတဲ့ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကိုလည်း စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ အလေးထားပြီး ဖြိုခွင်းလျက်ရှိနေပါတယ်။

ဒီလိုဖြိုခွင်းရာမှာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို နယ်စပ်ဒေသများမှာ အမြစ်ပြတ်ရှင်းလင်းဖို့နဲ့ ပြည်တွင်း အထိပျံ့နှံ့ရောက်ရှိမလာစေဖို့ **'အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကြီးကြပ်တိုက်ဖျက်ရေးဗဟိုကော်မတီ'** နဲ့ **'အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန'(Anti Scam Centre– ASC)** တွေကို ဖွဲ့စည်းထားပြီး တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း၊ တရားမဝင်ရောက်ရှိ လုပ်ကိုင်နေတဲ့ နိုင်ငံခြားသားများ ပြန်လည်လွှဲပြောင်းပေးခြင်း၊ ပြည်တွင်း၊ ပြည်ပကအဓိကတရားခံတွေကို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း စတဲ့ လုပ်ငန်းတာဝန်တွေကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုလုပ်ကိုင် ဆောင်ရွက်မှုများကို မျက်ကွယ်ပြုပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဆိုးမြင်ဒေါ်လာစားမီဒီယာတွေက ပြည်သူလူထုနဲ့ နိုင်ငံတကာက အထင်အမြင်လွဲမှားစေဖို့ သတင်းအတု၊ သတင်းအမှားများနဲ့ အစိုးရရဲ့ အွန်လိုင်းလိမ်လည်မှုနှိမ်နင်းရေး လုပ်ငန်းများကို ပုံရိပ်ကျဆင်းအောင် နှောင့်ယှက်လုပ်ဆောင်နေကြတာ မြင်တွေ့ကြားသိနေရပါတယ်။

အဆိုးမြင်မီဒီယာတွေရဲ့ ဖော်ပြချက်မှာတော့ အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု (United States Institute of Peace– USIP)ရဲ့ ၂၀၂၄ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာကို ညွှန်းဆိုပြီး မြန်မာနိုင်ငံဟာ အွန်လိုင်းရာဇဝတ်ဂိုဏ်းတွေ အဓိကလည်ပတ်နေတဲ့ ဗဟိုချက်ဖြစ်တယ်ဆိုတဲ့ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေကို ပုံကြီးချဲ့ကာ ပြည်သူတွေ အထင်အမြင်လွဲမှားစေဖို့ ဖော်ပြခဲ့ပါတယ်။

လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်မှု ရာဇဝတ်ဂိုဏ်းတွေ အဓိကလည်ပတ်နေဆဲဖြစ်တယ်လို့ မဟုတ်မမှန် ဝါဒဖြန့်ချိနေကြပေမယ့် တကယ်တမ်းမှာတော့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီကိစ္စတွေကို မျက်ကွယ်ပြုထားတာမျိုး ဒါမှမဟုတ် နောက်ကွယ်ကနေပတ်သက်ဆက်နွှယ်နေတာမျိုး လုံးဝမရှိဘူးဆိုတာကို အခိုင်အမာပြောကြားလိုပါတယ်။ ၂၀၂၃ ခုနှစ်ကတည်းက စတင်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသက အွန်လိုင်းလိမ်လည်မှုဂိုဏ်းတွေကို မြန်မာနိုင်ငံအစိုးရက အမြစ်ပြတ်တိုက်ဖျက်ရှင်းလင်းခဲ့တယ်ဆိုတာကို အဲဒီ USIP အဖွဲ့အစည်းကြီးကတောင် တရားဝင်အသိအမှတ်ပြုထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် ဒီလိုကိစ္စရပ်တွေမှာ အစိုးရဝန်ထမ်းတွေအနေနဲ့ လာဘ်ပေးလာဘ်ယူမှုတွေ ပြုလုပ်ပြီး ပါဝင်ပတ်သက်ခဲ့တာမျိုး စစ်ဆေးတွေ့ရှိရရင်လည်း ဘယ်သူ့မျက်နှာမှ မထောက်ထားဘဲ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမယ်လို့ နိုင်ငံတော်အစိုးရက အတိအလင်း သတင်းထုတ်ပြန် ကြေညာထားပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံသားတွေသာမက မြန်မာနိုင်ငံသားတွေပါ များစွာနစ်နာဆုံးရှုံးနေရတဲ့ ဒီလိုဆိုးရွားလှတဲ့လုပ်ရပ်တွေဟာ နိုင်ငံဖြတ်ကျော်တဲ့ သဘောသဘာဝရှိတာကြောင့် အဲဒီလိုရာဇဝတ်မှုကျူးလွန်သူတွေကို ဖော်ထုတ်အရေးယူနိုင်ဖို့အတွက်ကိုလည်း နိုင်ငံတော်အစိုးရအနေနဲ့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆိုးရွားလှတဲ့ အွန်လိုင်းလိမ်လည်မှုကိစ္စကို အမြစ်ပြတ်ချေမှုန်းနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရဟာ မိမိတို့နိုင်ငံတစ်ခုတည်းသာမကဘဲ အိမ်နီးချင်းနိုင်ငံတွေနဲ့ပါ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံရဲ့တပ်ဖွဲ့နဲ့ နီးနီးကပ်ကပ်ပူးပေါင်းပြီး ၂၀၂၃ ခုနှစ် နှောင်းပိုင်းမှ ၂၀၂၄ ခုနှစ်အတွင်းမှာ Operation Storm လို့ အမည်ပေးထားတဲ့ အထူးစစ်ဆင်ရေးကြီး တစ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွေမှာ အခြေချလုပ်ကိုင်နေတဲ့ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းပေါင်း ရာနဲ့ချီကိုလည်း အပြီးတိုင် ဝင်ရောက်ချေမှုန်းနိုင်ခဲ့ပါတယ်။

ဖမ်းဆီးရမိတဲ့ အဓိကတရားခံတွေကိုတော့ ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့မှ တာဝန်ရှိသူတွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရဲ့တပ်ဖွဲ့ထံကို စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သလို လူပေါင်းသောင်းနဲ့ချီပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီးကို လုံခြုံစိတ်ချစွာ ပြန်လည်လွှဲပြောင်းပေးခဲ့ပါတယ်။

ဒါ့တင်မကသေးဘဲ **မြန်မာ၊ တရုတ်နဲ့ ထိုင်း သုံးနိုင်ငံအကြားမှာ အထူး Task Force တစ်ရပ် ဖွဲ့စည်းပြီး ထိရောက်တဲ့ Action Plan တွေ ရေးဆွဲကာ ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့ကစလို့ ၂၀၂၃ ဇွန်လ ၁၆ ရက်နေ့အထိ သုံးနိုင်ငံစစ်ဆင်ရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အွန်လိုင်းအသုံးပြုပြီး လိမ်လည်နေမှုတွေကို တိုက်ဖျက်ဖို့အတွက် နိုင်ငံတကာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းတွေနဲ့လည်း အချိတ်အဆက်မိမိ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ယနေ့အချိန်မှာဆိုရင် မြန်မာနိုင်ငံဟာ ကမ္ဘာလုံးဆိုင်ရာ အွန်လိုင်းရာဇဝတ်မှု တိုက်ဖျက်ရေးကဏ္ဍမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့အတူ ရှေ့တန်းကနေ မားမားမတ်မတ် ရပ်တည်ဆောင်ရွက်နေတဲ့ နိုင်ငံတစ်ခုအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုနေကြပြီဖြစ်ပါတယ်။**

**ဒီလို အသိအမှတ်ပြုခံရခြင်းရဲ့ အကြောင်းတရားကတော့ နိုင်ငံတော်အကြီးအကဲရဲ့ စဉ်ဆက်မပြတ် လမ်းညွှန်ချက်များနဲ့အညီ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနက နယ်စပ်ဒေသများအပါအဝင် ပြည်တွင်းရှိ မြို့ရွာအသီးသီးမှာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ မကြီးထွားလာစေရေးအတွက် နည်းပညာအရ ထိန်းချုပ်ခြင်းအပါအဝင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေ အခြေပြုနေတဲ့နေရာတွေကို စီးနင်းဝင်ရောက်ဖမ်းဆီးတာတွေ ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့ပါတယ်။**

နည်းပညာအရ ထိန်းချုပ်ရာမှာ အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်သည့် IP Address ပိတ်ဆို့မှုများ၊ ဘဏ်စာရင်းပေါင်းထောင်နှင့်ချီ ပိတ်သိမ်းမှုများ၊ Cryptocurrency နှင့် အဆင့်မြင့်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ တရားမဝင် Internet Bandwidth များ၏ တည်နေရာကို ခြေရာခံ၍ စီးနင်းမှုများ၊ တရားမဝင် ငွေလွှဲလုပ်ငန်း(Hundi)များမှတစ်ဆင့် စီးဆင်းနေသည့် ငွေကြေးလမ်းကြောင်းများကို စောင့်ကြည့်ဖမ်းဆီးခြင်းများ၊ နယ်စပ်ဒေသများတွင် အသုံးပြုနေသည့် တရားမဝင်ဂြိုဟ်တုအင်တာနက်များအား ပိတ်ဆို့ဖြတ်တောက်ခြင်းများ စတဲ့လုပ်ငန်းတွေကို လုပ်ဆောင်လျက်ရှိနေပါတယ်။

စာမျက်နှာ ၉ သို့

> ❝ **မြေပြင်ဖော်ထုတ်ချက်များအရ ပကတိအမှန်တရားကတော့ မြန်မာနိုင်ငံဟာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေကို ကိုယ်တိုင်ဖန်တီးခဲ့တာမျိုးမဟုတ်ဘဲ ပြည်ပက ရာဇဝတ်ဂိုဏ်းတွေက နယ်စပ်ဒေသ မတည်ငြိမ်တာကို အခွင့်ကောင်းယူပြီး ခိုအောင်းအခြေပြုလုပ်ခဲ့တာသာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အစိုးရအနေနဲ့ အဲဒီအွန်လိုင်းလိမ်လည်မှုဂိုဏ်းဝင်တွေကို တရားဝင်လက်ခံထားတာမျိုးမရှိသလို ညှိသည့်အဖြစ် လက်မခံဘဲ** 'Operation Storm' **နဲ့** 'Border Safety Operation' **ကဲ့သို့သော စစ်ဆင်ရေးများနဲ့ အမြစ်ပြတ်ဖယ်ရှားခဲ့တာကို ကမ္ဘာသိအောင်လုပ်ဆောင်ပြသလျက်ရှိပြီး အဆိုးမြင်ဝါဒီများ စွပ်စွဲနေသလို မြန်မာနိုင်ငံဟာ အွန်လိုင်းလိမ်လည်မှုဗဟိုချက်မဟုတ်ဘဲ 'ဒုစရိုက်သမားများရဲ့ ကျူးကျော်ခံရမှုကို ရှင်းလင်းနေသူ' ဖြစ်တယ်ဆိုတာကို နိုင်ငံတကာကို ရှင်းလင်းပြတ်သားစွာ အသိပေးလိုပါတယ်** ❞

# အင်းစိန်မြို့နယ်၌ ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၈**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးသုတေသနဌာနဝင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ဝင်နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကာ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန ပထမထပ်ရှိ ဓာတုဓာတ်ခွဲခန်းများ၌ ဓာတ်ခွဲစမ်းသပ်နေမှုနှင့် မြေညီထပ်ရှိ အဏုဇီဝဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။(အပေါ်ပုံ)



ဓာတုပစ္စည်းစီမံခန့်ခွဲရေးဌာနသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ထိန်းချုပ်စီမံခန့်ခွဲခြင်းဖြင့် သက်ရှိများအား ကာကွယ်ရန်နှင့် ပတ်ဝန်းကျင်ရာသီဥတုနှင့် ဂေဟစနစ်အပေါ် ဆိုးရွားသောထိခိုက်မှုများ လျော့နည်းစေပြီး နိုင်ငံတစ်ဝန်းတွင် ဦးဆောင်ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန ဖြစ်လာစေရန် မျှော်မှန်းထားပြီး ဓာတုပစ္စည်းစီမံခန့်ခွဲရေးဌာနကို ဓာတုပစ္စည်းစီမံခန့်ခွဲရေးဌာန ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် စံလုပ်ဆောင်မည့်အစီအစဉ်များကို ပြဋ္ဌာန်းထုတ်ပြန်ခြင်းဖြင့် သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များအပေါ် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများမှ ဖြစ်ပေါ်လာသော ထိခိုက်မှုနှင့် အန္တရာယ်ကာကွယ်ရန်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံက အတည်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ပြည်တွင်းလိုအပ်ချက်များအရ ဓာတုပစ္စည်းများ၏ အန္တရာယ်အဆင့်အပေါ်မူတည်၍ တားမြစ်ဓာတုပစ္စည်းနှင့် ကန့်သတ်ဓာတုပစ္စည်းစာရင်းထုတ်ပြန်ရန်၊ “ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာအမိန့်” အရ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်းအပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်စေရန်၊ ဓာတုဗေဒပညာရပ်ကို မှားယွင်းအသုံးပြုမှုမရှိစေရန်အတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ရန်နှင့် လုပ်ငန်းရှင်များကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ပြည်တွင်းဆီစက်ပိုင်ရှင်များအသင်း သင်္ကြန်အကြို ဈေးရောင်းပွဲတော် ရက်ရွှေ့ဆိုင်း

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ရန်ကုန်မြို့၌ ဧပြီ ၁ ရက်မှ ၄ ရက်အထိ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)ရုံးရှေ့နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရွှေအုန်းပင်အိမ်ရာရှေ့ (ရန်ကင်းဈေးမှတ်တိုင်အနီး)တို့တွင် သင်္ကြန်အကြို ဈေးရောင်းပွဲတော်အဖြစ် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးရန် မူလက စီစဉ်ထားသည်။

ဈေးရောင်းပွဲတော်တွင် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဝင် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ဆီစက်လုပ်ငန်းရှင် ၁၄ ဦးတို့က ရောင်းချရန် စီစဉ်ထားသော်လည်း ယခုအခါ သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင့် သင်္ကြန်အကြို ဈေးရောင်းပွဲတော်ကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

---

*စာမျက်နှာ ၈ မှ*

KNU အကြမ်းဖက်သောင်းကျန်းသူများနယ်မြေမှာ လက်ခံထားတဲ့ အွန်လိုင်းလိမ်လည်မှုဂိုဏ်းတွေကို Border Safety Operation အမည်ဖြင့် တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းပြီး စစ်ဆင်ရေးတစ်ရပ်ကို အရှိန်အဟုန်နဲ့ ဖော်ဆောင်လျက်ရှိပါတယ်။ အထူးသဖြင့် မြဝတီ–မဲ့ထော်သလေး(KK Park)နဲ့ ရွှေကုက္ကိုလ်နယ်မြေတွေမှာရှိတဲ့ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေကို အကာအကွယ်ပေးဖို့ အခိုင်အမာ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေကို စက်ယန္တရားကြီးတွေနဲ့ ကျူပင်ခုတ် ကျူငုတ်မကျန်ရလေအောင် မြေလှန်ဖြိုချ ဖျက်ဆီးပေးခဲ့တဲ့အပြင် ဖြိုဖျက်မှုမှတ်တမ်းဓာတ်ပုံတွေနဲ့ ဗီဒီယိုဖိုင်တွေကိုလည်း နိုင်ငံတကာသို့ ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်ပါတယ်။

ဒီလိုနိုင်ငံတော်အစိုးရရဲ့ အဖွဲ့စုံပူးပေါင်းစစ်ဆင်ရေးတွေနဲ့ အရှိန်အဟုန်ပြင်းပြင်း ရှင်းလင်းဖယ်ရှားခဲ့တဲ့မှတ်တမ်းတွေဟာ ငြင်းလို့မရတဲ့ သက်သေအထောက်အထားများ ဖြစ်ပါတယ်။ မြဝတီ–မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းမှာဆိုရင် ဒုစရိုက်လုပ်ငန်းတွေအတွက် အသုံးပြုခဲ့တဲ့ တရားမဝင်အဆောက်အအုံပေါင်း ၆၃၅ လုံးကို နိုင်ငံတော်ရဲ့ဥပဒေအာဏာစက်နဲ့ အတူ အဆင့်မြင့်နည်းပညာတွေသုံးပြီး အစအနမကျန် ဖြိုချဖျက်ဆီးပစ်နိုင်ခဲ့ပါတယ်။

ဒီလိုပြတ်ပြတ်သားသား နှိမ်နင်းဖမ်းဆီးခဲ့ရာမှာ အွန်လိုင်းလိမ်လည်မှုဂိုဏ်းများရဲ့ အသုံးချခံနေရတဲ့ ပြည်ပနိုင်ငံသားတွေကို လူသားချင်းစာနာထောက်ထားမှုနဲ့ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေကို အခြေခံပြီး သူတို့ရဲ့သက်ဆိုင်ရာမိခင်နိုင်ငံတွေဆီကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ စနစ်တကျပြည်နှင့်လွှဲပြောင်း ပေးအပ်လျက်ရှိပါတယ်။

ကရင်ပြည်နယ်အတွင်း ရှာဖွေကူညီကယ်တင်နိုင်ခဲ့တဲ့ နိုင်ငံခြားသားများ၏ ထွက်ဆိုချက်တွေအရ ထိုင်းနိုင်ငံကို လေကြောင်းခရီးနဲ့ ဝင်ရောက်ပြီး ဘန်ကောက်မြို့မှ မဲဆောက်မြို့သို့ မော်တော်ယာဉ်/လေယာဉ်တို့ဖြင့်ပို့ဆောင်ခြင်း၊ မဲဆောက်မြို့မှတစ်ဆင့် သောင်ရင်းမြစ်ကို တရားမဝင်ဖြတ်ကူးပြီး ကရင်ပြည်နယ် မြဝတီမြို့အတွင်းမှာရှိတဲ့ ကုမ္ပဏီများကို ပို့ဆောင်ခြင်း၊ ဗီဇာအမျိုးမျိုးဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိပြီး မော်တော်ယာဉ်နဲ့ ကရင်ပြည်နယ် မြဝတီမြို့အတွင်းရှိ ကုမ္ပဏီများကို ပို့ဆောင်ခြင်းစတဲ့ လမ်းကြောင်းတွေကနေတစ်ဆင့် လူကုန်ကူးခံခဲ့ကြရတာဖြစ်ပါတယ်။ သက်ဆိုင်ရာသံရုံးတွေအနေနဲ့ သူတို့ရဲ့နိုင်ငံသားတွေကို လူကုန်ကူးခံရသူတွေအဖြစ်နဲ့ ဖော်ပြပြီး အကူအညီတောင်းနေကြပေမယ့် အဲဒီထဲက တချို့ကတော့ လူကုန်ကူးခံရသူတွေမဟုတ်ဘဲ ကိုယ်ကျိုးစီးပွားအတွက် ကိုယ်တိုင်လာရောက် လုပ်ကိုင်နေကြသူတွေဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကနေပြီး ၂၀၂၆ ခုနှစ် မတ်လ ၂၄ ရက်နေ့အထိ မြန်မာနိုင်ငံအတွင်းမှာ တရားမဝင် ဝင်ရောက်နေသူတွေအပါအဝင် အွန်လိုင်းလိမ်လည်မှုနဲ့ အွန်လိုင်းလောင်းကစားမှုလုပ်ငန်း လုပ်ကိုင်တဲ့နေရာတွေကို ဖော်ထုတ်အရေးယူခဲ့ရာမှာ ပါဝင်ပတ်သက်သူ နိုင်ငံခြားသား ၇၁၉၇၅ ဦးကို နိုင်ငံတော်အစိုးရအနေနဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ သက်ဆိုင်ရာ နိုင်ငံတွေကို ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။

ပြည်ပနိုင်ငံသားတွေကို လူသားချင်းစာနာထောက်ထားမှုအရ သူတို့ရဲ့ မိခင်နိုင်ငံအသီးသီးဆီ ပြန်လည်လွှဲပြောင်းပေးအပ်နေသလိုမျိုးပဲ၊ အွန်လိုင်းလိမ်လည်မှုနဲ့ လောင်းကစားလုပ်ငန်းတွေမှာ ကိုယ်တိုင်ပါဝင်ပတ်သက်နေကြတဲ့မြန်မာနိုင်ငံသားတွေကိုတော့ တည်ဆဲဥပဒေတွေနဲ့အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပြီး အွန်လိုင်းလိမ်လည်မှုကိစ္စကို အမြစ်ပြတ်သွားအောင် လုပ်ဆောင်လျက်ရှိပါတယ်။ ဖမ်းဆီးရမိထားတဲ့ ပြည်တွင်းက တရားခံတွေကို အီလက်ထရောနစ် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ၊ လောင်းကစားဥပဒေ အစရှိတဲ့ သက်ဆိုင်ရာ ဥပဒေပုဒ်မတွေနဲ့ အမှုဖွင့်လှစ်ပြီး ပြင်းပြင်းထန်ထန် တရားစွဲဆိုအရေးယူလျက်ရှိပါတယ်။

အမှန်တကယ်တော့ ဝိသမလောဘသား ပြည်ပနိုင်ငံသားတွေ ကြိုးကိုင်ထားတဲ့ အွန်လိုင်းလိမ်လည်မှုကိစ္စမှာ ပါဝင်ပတ်သက်နေကြသူတွေဟာ တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းတွေသာ ဖြစ်တယ်ဆိုတာကို ခိုင်လုံတဲ့ သက်သေအထောက်အထားတွေက ရှင်းလင်းစွာ ဖော်ပြနေပါတယ်။ အထူးသဖြင့် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ KNU ဟာ သူတို့စိုးမိုးထားတဲ့နေရာမှာ တရားမဝင် ဒုစရိုက်သမားတွေကို လုံခြုံအောင်အကာအကွယ်ပေးထားပြီး အွန်လိုင်းငွေလိမ်လည်မှုလုပ်ငန်းတွေကို ကိုယ်ကျိုးစီးပွားအတွက် လောဘတက်ကာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခွင့်ပြုထားတာပဲ ဖြစ်ပါတယ်။ ကရင်ပြည်နယ်ထဲက အွန်လိုင်းလိမ်လည်မှုတွေရဲ့ ဇာတ်လမ်းအစ တရားမဝင် မြေငှားစာချုပ်မှာ KNU ရဲ့ ဘဏ္ဍာရေးကော်မတီ တာဝန်ခံဖြစ်သူ ဖဒိုကွယ်ထူးဝင်း(လက်ရှိဥက္ကဋ္ဌ) ကိုယ်တိုင်က လက်မှတ်ရေးထိုးခဲ့ပြီး ဒုတိယအသိသက်သေအနေနဲ့လည်း ဖဒိုစောရောဂျာခင် ကိုယ်တိုင် အသီးသီးပါဝင် လက်မှတ်ရေးထိုးခဲ့ကြတာဟာ သူတို့ရဲ့ ကိုယ်ကျိုးရှာ မတရားတဲ့လုပ်ရပ်တွေကို အထင်အရှားသက်သေပြသနေပါတယ်။

**မြေပြင် ဖော်ထုတ်ချက်များအရ ပကတိအမှန်တရားကတော့ မြန်မာနိုင်ငံဟာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေကို ကိုယ်တိုင် ဖန်တီးခဲ့တာမျိုးမဟုတ်ဘဲ ပြည်ပက ရာဇဝတ်ဂိုဏ်းတွေက နယ်စပ်ဒေသ မတည်ငြိမ်တာကို အခွင့်ကောင်းယူပြီး ခိုအောင်းအခြေပြုလုပ်ခဲ့တာသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ အဲဒီ အွန်လိုင်းလိမ်လည်မှုဂိုဏ်းဝင်တွေကို တရားဝင်လက်ခံထားတာမျိုးမရှိသလို ညှော့သည်အဖြစ် လက်မခံဘဲ ‘Operation Storm’ နဲ့ ‘Border Safety Operation’ ကဲ့သို့သော စစ်ဆင်ရေးများနဲ့ အမြစ်ပြတ် ဖယ်ရှားခဲ့တာကို ကမ္ဘာသိအောင် လုပ်ဆောင်ပြသလျက်ရှိပြီး အဆိုးမြင်ဝါဒီများ စွပ်စွဲနေသလို မြန်မာနိုင်ငံဟာ အွန်လိုင်းလိမ်လည်မှုဗဟိုချက် မဟုတ်ဘဲ ‘ဒုစရိုက်သမားများရဲ့ ကျူးကျော်ခံရမှုကို ရှင်းလင်းနေသူ’ ဖြစ်တယ်ဆိုတာကို နိုင်ငံတကာကို ရှင်းလင်းပြတ်သားစွာ အသိပေးလိုပါတယ်။**

နိုင်ငံတော်အစိုးရအနေနဲ့ အွန်လိုင်းလိမ်လည်မှုတွေကို ပြတ်ပြတ်သားသား နှိမ်နင်းဖယ်ရှားနိုင်ခဲ့မှုတွေဟာ ဘယ်သူမှ ငြင်းပယ်လို့မရနိုင်တဲ့ လက်တွေ့မြေပြင်အမှန်တရားပဲ ဖြစ်ပါတယ်။ သောင်းနဲ့ချီတဲ့ ဖမ်းဆီးရမိမှု ကိန်းဂဏန်းအချက်အလက်တွေနဲ့ အိမ်နီးချင်းနိုင်ငံတွေဆီကို စနစ်တကျပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့တဲ့ ခိုင်လုံတဲ့ မှတ်တမ်းတွေက နိုင်ငံတော်အစိုးရရဲ့ အင်တိုက်အားတိုက်ကြိုးပမ်းအားထုတ်မှုတွေကို အခိုင်အမာ သက်သေထူပြသနေပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ ကမ္ဘာလုံးဆိုင်ရာ ဆိုက်ဘာရာဇဝတ်မှု တိုက်ဖျက်ရေး စစ်ပွဲကြီးမှာ ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်သလို နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ဒီလို အောင်မြင်မှုတွေကို လွဲမှားတဲ့ရှုထောင့်တွေကနေ တစ်ဖက်သတ်ဝေဖန်နေမယ့်အစား အပြုသဘောဆောင်ကာ အမှန်တရားနဲ့ ကိန်းဂဏန်းတွေက သက်သေထူနေတဲ့ မြန်မာနိုင်ငံရဲ့ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် နိုင်ငံတကာကို တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

# ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ် သံအမတ်ကြီး Mr. Gustavo Rocha de Menezes အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၈**
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ် သံအမတ်ကြီး Mr. Gustavo Rocha de Menezes အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံအကြား ရှိရင်းစွဲကောင်းမွန်သည့် ဆက်ဆံရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး**

ထို့ပြင် အာဆီယံ-ဘရာဇီးလ် ကဏ္ဍအလိုက် ဆွေးနွေးဖက် မိတ်ဖက်ဆက်ဆံရေးအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ ဘရာဇီးလ်နိုင်ငံမှ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်ပါ အခြေခံမူများအပေါ် အခြေခံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေးတို့ကို အလေးထား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme– PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း




မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်–

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီလွှာဓာတ်ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ၂၀၂၆ ခုနှစ် နွေရာသီ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ် နွေရာသီ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ရှေးဦးပြုစုခြင်း(First Aid)သည် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ရုတ်တရက် ဖျားနာခြင်းများ ကြုံလာရသည့်အခါတွင် ဆေးရုံ၊ ဆေးခန်းနှင့် ဆရာဝန်ဆီမရောက်ခင် ရရှိလာသည့် ပစ္စည်းကိရိယာများနှင့် အရေးပေါ်ကူညီစောင့်ရှောက်ပေးခြင်းဖြစ်ကြောင်း၊ အသက်အန္တရာယ်နှင့် နီးကပ်ချိန်တွင် ရှေးဦးပြုစုပေးခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ ရှေးဦးပြုစုသူတစ်ယောက်အနေဖြင့် အရေးပေါ်ကြုံတွေ့ရသည့် အခြေအနေတွင် စိတ်တည်ငြိမ်မှုရှိစွာ လုပ်ဆောင်နိုင်ခြင်း၊ အချိန်နှင့်အမျှ အရေးကြီးနေသည့်အတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်ချမှတ်ပြီး လျင်မြန်ဖြတ်လတ်မှုရှိခြင်း၊ အန္တရာယ်ဖြစ်ပေါ်နေသည့် လူနာကို စိတ်ပိုင်းဆိုင်ရာအရ အားပေးနှစ်သိမ့် ကူညီလိုစိတ်ရှိခြင်း စသည့်အရည်အချင်းများရှိရန် လိုအပ်ပါကြောင်း။

ယခုသင်တန်းသို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် မှန်ကန်သည့် ရှေးဦးပြုစုနည်းများကို သိထား၊ တတ်ထားမည်ဆိုလျှင် မိမိပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေများတွင် မှန်ကန်သည့် ရှေးဦးပြုစုမှုနှင့် လူတစ်ဦး၊ တစ်ယောက်၏အသက်ကို ကယ်တင်နိုင်မည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှုများကို ပိုမိုဆိုးရွားမလာအောင် ကြိုတင်တားဆီးကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းက ရရှိလာမည့် အသိပညာနှင့် အတွေ့အကြုံများသည် လူမှုနယ်ပယ်နှင့် နေ့စဉ်ဘဝတွင် အမြဲတမ်းအသုံးဝင်နေမည်ဖြစ်ပြီး မိမိအတွက်သာမက မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားပို့ချပေးမှုများကို သေသေချာချာ လေ့လာသင်ယူမှတ်သားပြီး နိုင်ငံအကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်၍ ဗလငါးတန်နှင့်ပြည့်စုံသည့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက အမှာစကားပြောကြားပြီး သုံးမြောင့်ပတ်တီး၊ ရှေးဦးပြုစုခြင်းစာအုပ်နှင့် လက်ကမ်းစာစောင်တို့ကို နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချိုက ပေးအပ်ရာ နေပြည်တော်ပညာရေးမှူး ဒေါက်တာကျော်လွင်က လက်ခံရယူသည်။

အဆိုပါ ၂၀၂၆ ခုနှစ် နွေရာသီ ရှေးဦးပြုစုခြင်း သင်တန်းကို ၂၀၂၆ ခုနှစ် မတ် ၂၈ ရက်မှ ၃၀ ရက်အထိ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဆရာ ဆရာမများက ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလူငယ်များကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရောင်းဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကိုအထူးဂရုပြုမြှင့်တင်ရန်၊

( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ပြည်ကြီးတံခွန်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မတ် ၂၈** တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက် မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ ဒေသခံပြည်သူများအား (ဃ)ရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**အသိပညာပေးဟောပြော**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့်ဆေးဝါးကုသပေးမှုများနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် မတ် ၂၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြိုးကြိုးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ်ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော်  မတ် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

၀၉-၄၄၀၄၃၃၃၂၄ နှင့် ၀၉-၈၉၉၁၂၉၂၉၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ အရောင်းဆိုင်များမှ စက်သုံးဆီရောင်းချရာတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် မြှင့်တင်ရောင်းချခြင်း၊ စက်သုံးဆီကို သတ်မှတ်ပမာဏများအတိုင်း ရောင်းချမပေးခြင်း၊ စက်သုံးဆီရှိလျက်နှင့် ရောင်းချမပေးခြင်း၊ Bar Code/ QR Code များ Scan မဖတ်ဘဲရောင်းချနေခြင်း၊ ပုံး၊ ပီပါများဖြင့် တရားမဝင် ထုတ်ယူရောင်းချနေခြင်းများ တွေ့ရှိရပါက အထက်ဖော်ပြပါ Call Center ဖုန်း အမှတ်များသို့ ဆက်သွယ် တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားလိုသည့် သတင်းအချက်အလက်နှင့် အထောက်အထားစာရွက်စာတမ်းများ၊ Video file များကိုလည်း Viber ဖုန်း အမှတ်၊ ၀၉-၄၀၁၇၄၈၅၉၈ သို့ ပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

အချက်အလက် ပြည့်စုံစွာ တိုင်ကြားလာမှုများ အပေါ်တွင် ထိရောက်စွာ အရေးယူဆောင်ရွက်မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပုလိပ်ကျေးရွာ ရန်ကုန် - မန္တလေး လမ်းမကြီး (လမ်းဟောင်း)ပေါ်ရှိ "စိန်စီအောင်" စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ် (၀၅၁၂) အား စီမံခန့်ခွဲရေးနည်းလမ်းအရ လိုင်စင်ယာယီပိတ်သိမ်းထားရှိပြီး အဆိုပါအရောင်းဆိုင်နှင့် သက်ဆိုင်သည့် တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာန Online Monitoring Center မှ စောင့်ကြည့်စစ်ဆေးမှုအရ စက်သုံးဆီရောင်းချသည့် မော်တော်ယာဉ်စီးရေအားလုံးကို Bar Code/ QR Code များ Scan ဖတ်ခြင်းမပြုဘဲ ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရသည့် အရောင်းဆိုင် ၃၀ ခန့်ကို နောက်ဆုံးအကြိမ် သတိပေးထားရှိပြီး ထပ်မံစစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ဆင်းနားသည် မိုင်ယာမီအိုးပင်းနောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်ကိုအနိုင်ယူပြီး ဖလားဆွတ်ခူးနိုင်ခဲ့ပါက ၂၀၁၇ ခုနှစ်က ရော်ဂျာဖက်ဒဲရားနောက်ပိုင်း တစ်ရာသီအတွင်း အင်ဒီးယန်းဝဲလ်စ်ဖလားနှင့် မိုင်ယာမီ အိုးပင်းဖလားတို့ကို ဆွတ်ခူးနိုင်သည့် ရှစ်ဦးမြောက် တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းရေးထိုးနိုင်မည်ဖြစ်သည်။

### သုံးကြိမ်စလုံးနိုင်ပွဲရရှိ

ဆင်းနားနှင့် လီချက်ကာတို့သည် ၂၀၂၅ ခုနှစ် ပြင်သစ်အိုးပင်းပြိုင်ပွဲ တတိယအဆင့်တွင်လည်းကောင်း၊ ၂၀၂၄ ခုနှစ် ပေကျင်းအိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင်လည်းကောင်း၊ ၂၀၂၄ ခုနှစ် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင်လည်း ထိပ်တိုက်တွေ့ဆုံထားသည်။ အဆိုပါ သုံးကြိမ်စလုံးတွင် ဆင်းနားကသာ နိုင်ပွဲရရှိထားသည်။

**အောင်ဇော်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  မတ် ၂၈**

မတ် ၂၉ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၌ နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

---

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မှျတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

---

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# သံတမန်ရေးရာညှိနှိုင်းဆောင်ရွက်ပြီးနောက် ထိုင်းရေနံသင်္ဘောများ ဟော်မုဇ်ရေလက်ကြားမှ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ပြီ

**ဘန်ကောက် မတ် ၂၈**
ထိုင်းနိုင်ငံသည် ဒေသတွင်းမိတ်ဖက်များနှင့် သံတမန်ရေးရာပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီးနောက် ၎င်း၏ရေနံတင်သင်္ဘောများ ဟော်မုဇ်ရေလက်ကြားမှ ဘေးအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ယင်းက အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း စွမ်းအင်ထောက်ပံ့မှု ပြတ်တောက်နိုင်ခြေအပေါ် စိုးရိမ်ပူပန်မှုများကို လျော့ပါးသက်သာစေခဲ့သည်။ ထိုင်းကုန်စည်တင်သင်္ဘော Mayuree Naree ဟော်မုဇ်ရေလက်ကြားတွင် ဖြတ်သန်းခုတ်မောင်းနေစဉ် မတ် ၁၁ ရက်က တိုက်ခိုက်ခံရပြီး သင်္ဘောသား သုံးဦးပျောက်ဆုံးမှု ဖြစ်ပွားခဲ့သည်။

ယင်းနောက် ထိုင်းနိုင်ငံက ပဋိပက္ခများတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ရှင်းလင်းရန် တိုက်ရိုက်သံတမန် ဆက်သွယ်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန (အမ်အက်ဖ်အေ) က ပြောသည်။ သင်္ဘောများ မဟာဗျူဟာမြောက် ရေလမ်းကြောင်းများမှတစ်ဆင့် ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေး အတွက်လည်း တောင်းဆိုခဲ့သည်။ နောက်ဆုံးတွင် အီရန်အာဏာပိုင်များက တောင်းဆိုမှုကို လက်ခံခဲ့ကြောင်း အမ်အက်ဖ်အေက ပြောသည်။ ထို့အပြင် အဆိုပါဒေသတွင် ဖြတ်သန်းသွားလာမည့် ရေယာဉ်များ၏ အသေးစိတ်အချက်အလက်များကို တောင်းခံခဲ့ကြောင်းလည်း အမ်အက်ဖ်အေက ဆက်လက်ပြောကြားသည်။



ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော စွမ်းအင် အကျပ်အတည်းဖိအားများ မြင့်တက်နေချိန်တွင် အစိုးရသည် စွမ်းအင်ဖူလုံမှုရှိစေရေး ကြိုးပမ်း အားထုတ်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက် ရှိကြောင်း ဝန်ကြီးချုပ် အနုထင်ချန်ဗီရာကူးလ် က မတ် ၂၈ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဆင်ဟွာ

# ၂၀၃၀ ပြည့်နှစ်တွင် လေကြောင်းခရီးသည် နှစ်သန်းကျော်ရရှိရန် ဘရူနိုင်း ရည်မှန်း

**ဘန်ဒါဆီရီဘီဂါဝန် မတ် ၂၈**
ဘရူနိုင်းနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ဘရူနိုင်းအပြည်ပြည် ဆိုင်ရာလေဆိပ်၏ ခရီးသည် အသွားအလာကို လူဦးရေ နှစ်သန်းကျော်အထိ တိုးမြှင့်ရန်နှင့် လေကြောင်းကုန်စည် တန် ၃၈၀၀၀ ကို ကိုင်တွယ်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း ဒေသတွင်းမီဒီယာများ၏ မတ် ၂၇ ရက် ဖော်ပြချက်အရ သိရသည်။

နိုင်ငံ၏ လေကြောင်းကဏ္ဍ အားကောင်းစေရန် မဟာဗျူဟာမြောက် အစီအစဉ်အဖြစ် ယင်းကဲ့သို့ ရည်မှန်းထားခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး သတင်းအချက်အလက် နည်းပညာဝန်ကြီး ပင်ဂီရန် ရှမ်ဟာရီ ပင်ဂီရန် ဟာဂျီ မုစ်တာဖာက ပြောကြားခဲ့သည်။

လေကြောင်းခရီး သွားလာမှု လုပ်ငန်းမှတစ်ဆင့် စီးပွားရေး တိုးတက်မှု အထောက်အပံ့ဖြစ်စေရန်၊ ထောက်ပံ့ပို့ဆောင်ရေး တိုးတက်စေရန်နှင့် ဆက်သွယ်မှုကဏ္ဍ အထောက်အကူပြုရန် ကျယ်ပြန့်သော ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။ ထို့ပြင် ဘရူနိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တန်ဖိုးနည်းလေကြောင်းလိုင်းများ ထူထောင်နိုင်ရေး ဖြစ်နိုင်ခြေများကို ရှာဖွေလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။




ထို့အပြင် အစိုးရသည် အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ ထိန်းချုပ်မှုအစီအမံများ သို့မဟုတ် စီမံခန့်ခွဲမှုကို ကော်ပိုရေးရှင်းပုံစံသို့ ပြောင်းလဲခြင်းနှင့်ပတ်သက်၍ လေ့လာဆန်းစစ်လျက်ရှိသည်။

အဆိုပါ ချဉ်းကပ်မှုသည် လေဆိပ်၏လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ထိရောက်မှု၊ ဝန်ဆောင်မှု အရည်အသွေးနှင့် အလုံးစုံယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ရည်ရွယ်ထားသည်။

ဆင်ဟွာ

# မလေးရှား၌ အပူချိန်ဆက်လက်မြင့်ထန်ပါက စာသင်ကျောင်းများ ပိတ်ထားနိုင်

**ကွာလာလမ်ပူ မတ် ၂၈**
မလေးရှားနိုင်ငံ၌ သုံးရက်ဆက်တိုက် အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ် ထက် ကျော်လွန်ပါက စာသင်ကျောင်းများကို ပိတ်နိုင်ခြေရှိကြောင်း ပညာရေးဒုတိယဝန်ကြီး ဝမ်ခဝိုးက ပြောသည်။

ယင်းအစီအစဉ်မှာ ၂၀၂၃ ခုနှစ်မှစတင်၍ ပညာရေးဝန်ကြီးဌာန က ချမှတ်ထားသည့်အစီအစဉ်ဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့် ရာသီဥတု ပိုမိုဆိုးရွားလာပါက ယင်းအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ကြောင်း မတ် ၂၇ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့သည်။

အပူချိန်မှာ သုံးရက်ဆက်တိုက် ၃၅ မှ ၃၇ ဒီဂရီဆဲလ်စီးယပ်အတွင်း ရှိပါက ကျောင်းပြင်ပလှုပ်ရှားမှုများကို ရပ်ဆိုင်းထားရမည်ဖြစ်သည်။ ယင်းတို့တွင် ပြေးပွဲများ၊ စခန်းချခြင်းများ၊ လေ့ကျင့်မှုများနှင့် အခြားသော ကျောင်းပြင်ပလှုပ်ရှားမှုများပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် စာသင်ကျောင်းများ၌ နေ့စဉ်အပူချိန်ကို စောင့်ကြည့်ရန် ခရိုင်အသီးသီးရှိ ပညာရေးမှူးများအား ပညာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်။

မကြာသေးမီရက်ပိုင်းအတွင်း အပူချိန်များ ဆက်လက်မြင့်မားနေမှုကြောင့် မလေးရှားကျွန်းဆွယ်ရှိ အချို့နေရာများတွင် သတိပေးချက်များ ထုတ်ပြန်ထားသည်။ ဇွန်လမတိုင်မီကာလအထိ အပူချိန် ဆက်လက်မြင့်မားနေဦးမည်ဖြစ်ကြောင်း မလေးရှားမိုးလေဝသဌာနက ပြီးခဲ့သည့် ရက်ပိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

ဆင်ဟွာ

# ဆော်ဒီအာရေဗျနိုင်ငံက ပျက်စီးခဲ့သည့် မြေဟက်တာ တစ်သန်းကို ပြန်လည်ထိန်းသိမ်းကာ သစ်ပင် ၁၅၉ သန်းကျော် စိုက်ပျိုး

**ရီယာ့ဒ် မတ် ၂၈**
ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၂၁ ခုနှစ်က စတင်ခဲ့သည့် Saudi Green Initiative (SGI) အတွက် အဓိကမှတ်တိုင်တစ်ခုအဖြစ် ပျက်စီးခဲ့သည့် မြေဟက်တာ တစ်သန်းကို ပြန်လည်ထိန်းသိမ်းကာ သစ်ပင် ၁၅၉ သန်းကျော် စိုက်ပျိုးခဲ့ကြောင်း မတ် ၂၇ ရက်တွင် ကြေညာသည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ပြန်လည်ထူထောင်ထားသည့် မြေဧရိယာသည် ဆော်ဒီသတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ကနဦး ဟက်တာ ၁၈၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ဟက်တာ ၂၅၀၀၀၀ အထိ ရှိလာခဲ့ပြီး ၂၀၂၆ ခုနှစ်အစောပိုင်းတွင် ဟက်တာ တစ်သန်းအထိ များပြားလာကြောင်း သဘာဝပတ်ဝန်းကျင်၊ ရေနှင့် စိုက်ပျိုးရေးဝန်ကြီး အဗ္ဗဒူရာမန် အဗ္ဗဒူမိုဆန် အယ်ဖက်ဒ်လေက ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ လက်ရှိတိုးတက်မှုနှုန်းသည် ၂၀၃၀ ပြည့်နှစ်တွင် ဟက်တာ ၂ ဒသမ ၅ သန်းသို့ ရောက်ရှိရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။

SGI သည် နိုင်ငံတစ်ဝန်း ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရန် ဟက်တာ သန်း ၄၀ နှင့်ညီမျှသည့် သစ်ပင် ၁၀ ဘီလီယံ စိုက်ပျိုးရန် ရည်မှန်းထားကြောင်း သိရသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ လာမည့်ဧပြီ ၁၅ ရက်အထိ စက်သုံးဆီအပေါ် အခွန်ကောက်ခံမှု လျှော့ချ

**ဟနွိုင်း မတ် ၂၈**
ဗီယက်နမ်နိုင်ငံသည် စက်သုံးဆီအပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်ကို မတ် ၂၇ ရက်မှ စတင်ကာ ဧပြီ ၁၅ ရက်အတွင်း သုညရာခိုင်နှုန်းအထိ လျှော့ချပေးလိုက်ကြောင်း ဗီယက်နမ်သတင်းဌာန၏ အစီရင်ခံ ဖော်ပြချက်အရ သိရသည်။

မတ် ၂၆ ရက်က ဝန်ကြီးချုပ် ဖမ်မင်ချင်း လက်မှတ်ရေးထိုးခဲ့သည့် ဆုံးဖြတ်ချက်အရ ထိုကဲ့သို့ လျှော့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ လုပ်ဆောင်မှုသည် ဟော်မုဇ်ရေလက်ကြား တင်းမာမှုများ မြင့်တက်နေချိန်တွင် စက်သုံးဆီဈေးနှုန်းတည်ငြိမ်စေရန်နှင့် နိုင်ငံ့စွမ်းအင်ဖူလုံစေရန် အတွက် အရေးတကြီးလိုအပ်ပြီး ထိရောက်သည့် လုပ်ဆောင်ချက်ဖြစ်သည်ဟု ဆိုသည်။



အခွန်ကောက်ခံမှု လျှော့ချခြင်းကြောင့် နိုင်ငံတော်၏ ဘတ်ဂျက်ဝင်ငွေမှာ တစ်လလျှင် ဗီယက်နမ် ဒေါင် ၇ ဒသမ ၂ ထရီလီယံခန့် (အမေရိကန်ဒေါ်လာ ၂၈၇ ဒသမ ၈ သန်း ဝန်းကျင်) လျော့နည်း သွားနိုင်သော်လည်း သုံးစွဲသူများအတွက် ငွေကြေးဆိုင်ရာ ဘဏ္ဍာဝန်ထုပ်ဝန်ပိုး သက်သာစေမည် ဖြစ်ကြောင်း၊ ထို့အပြင် ထုတ်လုပ်ရေးနှင့် စီးပွားရေး လုပ်ငန်းများကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ

## ပုသိမ်မြို့ တာဝတိံသာဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုသိမ် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မြို့သန့်ရှင်းသာယာလှပရေး အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးကိုဆောင်ရွက်ကြရာ ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက်ရှိ တာဝတိံသာဘုရားဝင်းအတွင်း စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ကြရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အင်အား ၁၈၀ ဖြင့် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ချုံနွယ်ပိတ်ပေါင်းများ ကင်းရှင်းစေရေးအတွက် စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ရာနေရာသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရည်မွန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး

(ပြန်/ဆက်)



## မန္တလေးမြို့၌ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအသင်းနှင့် အထက်မြန်မာပြည် လက်ရွေးစင်အားကစားသမားဟောင်းများ တွေ့ဆုံ




**မန္တလေး မတ် ၂၈**

မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအသင်းနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များသည် မြန်မာ့အားကစားတိုးတက်ရေးအတွက် မန္တလေး၊ ပြင်ဦးလွင်နှင့်စစ်ကိုင်းတို့မှ အသင်းဝင် ညီနောင်လက်ရွေးစင် အားကစားသမားများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ အသင်းတာဝန်ရှိသူများကို လက်ရွေးစင်ဟောင်း အသင်းဝင်များက မိတ်ဆက်၍ အသင်းဥက္ကဋ္ဌ ဦးအေးမောင်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းနာယကလက်ရွေးစင်ဟောင်း ဦးတင်အောင် (ဂိုး)က ငွေလျှင်ဒဏ်သင့်၍ ကွယ်လွန်သွားခဲ့ကြသည့် မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း ဦးစိန်ဝင်းကြီး အပါအဝင် သူငယ်ချင်းများကို ချစ်ခင်ရင်းနှီးသည့် စိတ်ဖြင့် အမှတ်တရ ဂါရဝပြု လာရောက်ခြင်းနှင့်အတူ မြန်မာ့အားကစားတိုးတက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကွယ်လွန်ပြီး လက်ရွေးစင် အားကစားသမားဟောင်းများအား သတိရဝမ်းနည်းခြင်းအနေဖြင့် ၁ မိနစ် ငြိမ်သက်မေတ္တာပို့ကြသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးဇော်ဇော်မိုး က ပြင်ဦးလွင်၊ စစ်ကိုင်းနှင့် မန္တလေးခရီးစဉ်တို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံအားကစားသမားများကိုယ်စား မြန်မာ့ဘော်လီဘောလက်ရွေးစင်ဟောင်း (မန္တလေးတိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ) ဦးထွန်းလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးအေးမောင်ကြီးက ဒေသခံလက်ရွေးစင်ဟောင်း အားကစားအဖွဲ့တို့ကို အမှတ်တရဂုဏ်ပြုလွှာနှင့် အားကစားအင်္ကျီများ လက်ဆောင်ပေးအပ်ကြောင်း သိရသည်။

တင်မောင်-မန်း

## ပြည်ခရိုင်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ဒေသခံများနှင့်ဆွေးနွေး

**ပြည် မတ် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး ဟောပြောပွဲအခမ်းအနားကို မတ် ၂၆ ရက်က ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပုလဲသီတာခန်းမ၌ ကျင်းပသည်။



ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအကြောင်းနှင့် မီးခိုးမြူငွေ့လျှော့ချနိုင်ရေးအတွက် ဒေသအလိုက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုများအကြောင်း၊ မီးခိုးမြူငွေ့ဖြစ်ပေါ်စေသည့် တောင်ယာခုတ်ထွင်မီးရှို့ခြင်းနှင့် ရိုးပြတ်မီးရှို့ခြင်းများ မပြုလုပ်ရေး အပါအဝင် မီးခိုးမြူငွေ့လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေမှုများကို အသိပညာပေးဆွေးနွေး ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများအား ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ နန်းရတနာဈေးမီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သည့် တပ်ဖွဲ့ဝင် လေးဦး၊ ဈေးတာဝန်ခံများနှင့် ပူးပေါင်း၍ စစ်ဆေးခြင်းနှင့် အသိပေးနှိုးဆော်ခြင်းကို မတ် ၂၇ ရက်က ဆောင်ရွက်စဉ်။ စိုးသီဟ(အမရ)

## ကျောက်ကြီးမြို့နယ်၌ ရွက်ဖျန်းမြေဩဇာ ပြုလုပ်နည်းပညာပေးသရုပ်ပြ

**ကျောက်ကြီး မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့နံနက် ၉ နာရီက သံဘိုကျေးရွာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ စီမံညွှန်ကြားချက်အရ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ပြီး နွားကျင်ငယ်ရည်အသုံးပြု ရွက်ဖျန်းမြေဩဇာ ပြုလုပ်အသုံးပြုပုံ နည်းပညာပေးလုပ်ငန်းသရုပ်ပြပွဲ ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်မှုတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသက်လွင်က ဌာနဝန်ထမ်းများ၊ စိုက်ကွက်တာဝန်ခံများနှင့်အတူ တုံးကြီးကျေးရွာအုပ်စု သံဘိုကျေးရွာရှိ တောင်သူဦးနိုင်ဦး စိုက်ပျိုးထားသည့် ဆောင်းမြေပဲစိုက်ခင်းဧကသုံးဧကတွင် နွားကျင်ငယ်ရည်အသုံးပြု ရွက်ဖျန်းသဘာဝမြေဩဇာ ဖျော်စပ်ရန်နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး လက်တွေ့လုပ်ဆောင်၍ လယ်ယာအတွင်း စိုက်ပျိုးသီးနှံများသို့ ပက်ဖျန်း၍ သရုပ်ပြဆောင်ရွက်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူ ၃၀ လာရောက်ကြည့်ရှုလေ့လာကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မတ် ၂၈**

၂၀၂၆ ခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၅၅ မိနစ် ၂၉စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက်မိုင် ၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖောင်းပြင်မြို့၏ အရှေ့မြောက်ဘက် မိုင် ၄၀ ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၃၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)စတာ ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# မြန်မာ့ပေါ်ဆန်းမွှေး

*ဒေါက်တာ ဖြူပြာလွင်*
*Ph.d.(Soil & Water Science)*

**ပေါ်ဆန်းစပါးမျိုးများသည် မြန်မာနိုင်ငံ၏ အရည်အသွေးကောင်း စပါးမျိုးများဖြစ်ကြပြီး ထူးခြားသည့် အမွှေးနံ့ရှိမှု၊ ထမင်းချက်ရာတွင် ဆန်သားရှည်ထွက်မှု၊ စားသုံးရာတွင် နူးညံ့ပျော့ပျောင်းမှုတို့ကြောင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် လူကြိုက်များ ထင်ရှားကျော်ကြားပါသည်။**

၂၀၁၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံက ကျင်းပ ပြုလုပ်ခဲ့သည့် ကမ္ဘာ့ဆန်စပါးညီလာခံ (World Rice Conference 2011) ၌ နိုင်ငံပေါင်းစုံမှ စိုက်ပျိုးထုတ်လုပ်သည့် ဆန်အမျိုးမျိုး၏ စားသုံးမှုအရည်အသွေး ယှဉ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပ ပြုလုပ်ခဲ့ပါသည်။ ယင်းညီလာခံတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် ပေါ်ဆန်းမွှေးဆန်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ ပြိုင်ပွဲတွင် ယခင်နှစ်က စားသုံးမှုအရည်အသွေးအကောင်းဆုံးဆုကို ရရှိခဲ့သည့် ထိုင်းဟုမ်မလိ (Jasmine rice)ကို ကျော်လွန်ပြီး မြန်မာ့ပေါ်ဆန်းမွှေးဆန်က ပထမဆုဖြစ်သော World's Best Rice ဆုကို ဆွတ်ခူးရရှိခဲ့ပါသည်။ ဤကဲ့သို့ စားသုံးမှုအရည်အသွေးတွင် ပထမဆုရရှိခဲ့ခြင်းဖြင့် မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် မြန်မာ့ပုလဲဆန် (Myanmar Pearl Rice)အဖြစ် ထင်ရှားလာပြီး ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေးကောင်းဆန်များဖြစ်သည့် ဘာစမာတီ၊ ထိုင်းဂျက်စမင်းဆန်တို့နှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရန် အခွင့်အလမ်းကောင်းတစ်ရပ်ကို ရရှိစေခဲ့ပါသည်။ မြန်မာနိုင်ငံသည် စပါးသီးနှံ၏ မွေးဖွားရာဒေသတွင် ပါဝင်မှုရှိကြောင်းနှင့် ပညာရှင်များ၏ လေ့လာတွေ့ရှိမှုအရ စပါး၏ မူရင်းဒေသမှာ ဟိမဝန္တာတောင်ခြေတစ်လျှောက်၊ မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် ထိုင်းနိုင်ငံ နယ်စပ်တို့ဖြစ်ကြောင်း သတ်မှတ်ခဲ့ကြပါသည်။

> **❝ ပေါ်ဆန်းစပါးကို ဒေသရေမြေနှင့်ကိုက်ညီသည့် မြေအမျိုးအစားတွင် စိုက်ပျိုးချိန်၊ ထည့်သွင်းရမည့်မြေဩဇာနှင့် ထည့်သွင်းနည်းစနစ်၊ စိုက်စနစ်တို့ဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ပြီး ဟူးမစ်အခြေခံသဘာဝမြေဩဇာကို အကျိုးရှိရှိအသုံးပြုမည်ဆိုပါက ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းကဲ့သို့ အရည်အသွေးမီ ပေါ်ဆန်းစပါးများ ထုတ်လုပ်မှုတိုးမြင့်လာနိုင်သကဲ့သို့ ပေါ်ဆန်းစပါးများ၏ ဈေးကွက်ခိုင်မာလာမည်ဖြစ်ပါသည်။ ထိုကဲ့သို့ပင် ပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်သည့်** Supply Chain **တစ်ခုလုံးရှိ စိုက်ပျိုးသူနှင့် ပြည်တွင်း ပြည်ပ တင်ပို့ရောင်းချသူများ၏ ဝင်ငွေတိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ ဈေးကွက်၊ ရောင်းချမည့်စနစ်၊ ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ စပါးမျိုးများ ရောနှောခြင်း၊ မျိုးကွဲ၊ မျိုးထွန်းများရောနှောခြင်းမရှိစေရေး အထူးသတိပြုဆောင်ရွက် ❞**

## ပေါ်ဆန်းမွှေးစပါးအား အရည်အသွေးကောင်း စပါးမျိုးအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိ

ကမ္ဘာပေါ်တွင် စပါးမျိုးပေါင်းများစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော်လည်း အရည်အသွေးကောင်း စပါးမျိုးအဖြစ် သတ်မှတ်ထုတ်လုပ်လျက်ရှိသည့် အရေအတွက်မှာ လွန်စွာနည်းပါးပါသည်။ နိုင်ငံတကာမှ အရည်အသွေးကောင်း စပါးမျိုးအဖြစ် အသိအမှတ်ပြုထုတ်လုပ်လျက်ရှိသည့် အဓိက စပါးမျိုးများမှာ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ စိုက်ပျိုးထုတ်လုပ်သည့် ဘာစမာတီ စပါးမျိုးများနှင့် ထိုင်းနိုင်ငံမှထုတ်လုပ်သည့် ဟုမ်မလိ (Jasmine rice) စပါးမျိုးများသာ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင်မှ ပေါ်ဆန်းမွှေးစပါးအား အရည်အသွေးကောင်း စပါးမျိုးအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုရှိသည့်အနက် ၁၀ ခုတွင် ပေါ်ဆန်းစပါးမျိုးများကို အနည်းနှင့်အများ စိုက်ပျိုးလျက်ရှိပါသည်။

ပေါ်ဆန်းစပါးမျိုးများသည် ဒေသအလိုက် အခေါ်အဝေါ်အမျိုးမျိုး ကွဲပြားလျက်ရှိသည့်အပြင် အရည်အသွေးနှင့် အရည်အချင်းလက္ခဏာများမှာ ကွဲပြားခြားနားမှုရှိကြပါသည်။ အလင်းရောင်တုံ့ပြန်မှုရှိသည့် ပေါ်ဆန်းမျိုးများကို ပေါ်ဆန်းကြီးဟူ၍ လည်းကောင်း၊ အလင်းရောင် တုံ့ပြန်မှုအသင့်အတင့်သာရှိသော ပေါ်ဆန်းမျိုးများကို ပေါ်ဆန်းရင်ဟူ၍ လည်းကောင်း၊ မျိုးပြား(Variety)အမျိုးမျိုး၊ အမည်အမျိုးမျိုးဖြင့် စိုက်ပျိုးလျက်ရှိကြပါသည်။ ထို့အပြင် ပေါ်ဆန်းစပါးမျိုးများကို ဆန်ဈေးကွက်နှင့် စိုက်ပျိုးသည့်ဒေသကို အစွဲပြု၍လည်း အခေါ်အဝေါ်အမျိုးမျိုး ရှိကြပါသည်။

အမွှေးနံ့ရှိသော စပါးမျိုးများသည် စားသုံးရာတွင် နူးညံ့ပျော့ပျောင်းခြင်းနှင့် နှစ်လိုဖွယ်မွှေးရနံ့ရှိခြင်း အစရှိသည့် စားသုံးသူများကို ဆွဲဆောင်နိုင်ဆုံး အရည်အသွေးများပါရှိသောကြောင့် ပြည်တွင်းပြည်ပ ဈေးကွက်တွင် ဈေးနှုန်းအမြင့်မားဆုံးရရှိသော စပါးမျိုးများဖြစ်ကြပါသည်။ စပါးပင်တွင် အမွှေးနံ့ဖြစ်ပေါ်စေသည့် အဓိက အမွှေးနံ့ဒြပ်ပေါင်း (aromatic compound) တစ်ခုဖြစ်သော 2-acetyl-1-pyrroline (2AP) ထွက်ပေါ်မှုနှင့်ဆက်စပ်သော ဗီဇတည်နေရာများကို သုတေသနပညာရှင်များက လေ့လာခဲ့ကြရာ အမွှေးနံ့ရှိသော ဂျက်စမင်စပါးမျိုး (Jasmine rice) နှင့် ဘာစမာတီစပါးမျိုး (Basmati rice)များ၏ cell အတွင်းရှိ ခရိုမိုဇုန်း (chromosome) နံပါတ် (၈) (Os2AP gene) တွင် ဘေ့စ် (base) ရှစ်ခု လျော့သွားခြင်း (8bp deletion in exon 7) ကြောင့် အမွှေးနံ့ဒြပ်ပေါင်း(2AP) ထွက်ပေါ်လာကြောင်း သုတေသနပြုဖော်ထုတ်ခဲ့ကြပြီး ဖြစ်ပါသည်။ ထို့အပြင် သုတေသနတွေ့ရှိချက်များအရ ပေါ်ဆန်းစပါးမျိုးများတွင် အမွှေးနံ့ဖြစ်ပေါ်စေသော ဗီဇထူးခြားမှုမှာ ဘာစမာတီစပါးနှင့် ဂျက်စမင်စပါးတွင်ရှိသော ဗီဇထူးခြားမှုနှင့်မတူဘဲ အမွှေးနံ့ဖြစ်စေမှုနှင့်သက်ဆိုင်သည့် ခရိုမိုဇုန်းနံပါတ်(၈)၏ အခြားနေရာ(exon 13) တွင် ဘေ့စ် (base) သုံးခု တိုးလာခြင်း (3bp insertion in exon 13) ဖြစ်ကြောင်းနှင့် အဆိုပါ ဗီဇအသစ် ပါရှိခြင်း၏ အကျိုးဆက်အားဖြင့် အမွှေးနံ့ဒြပ်ပေါင်း(2AP) ထွက်ပေါ်လာကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ ပေါ်ဆန်းစပါးမျိုးများနှင့် အခြားနိုင်ငံများမှ ရနံ့မွှေးစပါးမျိုးများ၏ မျိုးဗီဇဆက်နွှယ်မှုများကို ဆက်လက်လေ့လာခဲ့ရာ မွှေးရနံ့ဗီဇအသစ်ပါရှိသော ပေါ်ဆန်းစပါးမျိုးများသည် မျိုးအုပ်စု အသစ်တစ်ခုအနေဖြင့် သီးသန့်တည်ရှိနေသည်ကို တွေ့ရှိရပြီး ပေါ်ဆန်းစပါးမျိုးအုပ်စုများသည် မြန်မာနိုင်ငံ၏မူရင်း၊ အဖိုးတန်သဘာဝအရင်းအမြစ်ဖြစ်ကြောင်းကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ပေါ်ဆန်းစပါးမျိုးများတွင် ပေါ်ဆန်းကြီး (ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းဘေးကြား) မျိုးများ၏ အနံ့မွှေးမှုသည် ပေါ်ဆန်းရင်မျိုးထက် ပိုပါသည်။ ပေါ်ဆန်းရင်မျိုးမှာ စပါးပေါ်ခါစတွင် အမွှေးနံ့ရှိသော်လည်း သိုလှောင်ချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ အမွှေးနံ့ရရှိမှု တဖြည်းဖြည်းနည်းပါးလာသည်ကို တွေ့ရှိရပါသည်။

စားသုံးမှုအရည်အသွေးတွင်လည်း ပေါ်ဆန်းကြီး (ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းဘေးကြား) မျိုးများမှာ ပေါ်ဆန်းရင်မျိုးထက် ဆန်သားနူးညံ့၍ စားသုံးမှုပိုကောင်းပါသည်။ စားသုံးမှုအရည်အသွေးမှာ စိုက်ပျိုးသည့် ရေမြေအနေအထားအရ ကွာခြားမှုရှိပါသည်။ ပေါ်ဆန်းစပါးများကို စပါးစေ့ပုံသဏ္ဍာန်၊ အရောင်အဆင်းပေါ်မူတည်၍ ဘေးကြား၊ ရွှေဝါဟုလည်းကောင်း၊ ထူးခြားသည့် ရေမြေအနေအထားအရ စားသုံးမှုအရည်အသွေး ကောင်းမွန်သည့် မျိုးများကို ဥတိုပေါ်ဆန်း၊ လက်ပံပေါ်ဆန်း၊ သောကြာပေါ်ဆန်း၊ မြောင်းမြပေါ်ဆန်း၊ ရေကြည်ပေါ်ဆန်း စသည်ဖြင့် နေရာဒေသကို အစွဲပြု၍ ခေါ်သည့် အခေါ်အဝေါ်များလည်း ရှိပါသည်။ ဆန်ရောင်းဝယ်ရေးဈေးကွက်တွင်လည်း ပုသိမ်ပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်း၊ မြောင်းမြပေါ်ဆန်း၊ ရေကြည်ပေါ်ဆန်းဟူ၍လည်း ခေါ်ဝေါ်မှုပြုကြပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ကဲ့သို့ ဒေသများတွင် အနိမ့်အဝှမ်းကျသည့် ဧရိယာများ၊ ချောင်းဘေးဖျိုက်လယ်များ၊ ရေချို၊ ရေငန်စပ်ဧရိယာများတွင် ပေါ်ဆန်းကြီး (ရာသီစပါး)များကို စိုက်ပျိုးမှုများပြီး ပေါ်ဆန်းရင်စပါးကိုမူ နေရာဒေသမရွေး စိုက်ပျိုးကြပါသည်။

## မျိုးရွေးချယ်၍ မျိုးသန့်ပွားများကာ ထုတ်လုပ်ဖြန့်ဖြူးခဲ့

ရေချို၊ ရေငန်စပ်ဧရိယာနှင့် နုန်းတင်မြေနုများစွာ တည်ရှိသည့် ထူးခြားသော သဘာဝအနေအထားရှိကာ မီးဒုံးအုပ်စုဝင်စပါးအများဆုံးစိုက်ပျိုးလျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း စိုက်ပျိုးနေသည့် (ဒေသအခေါ် ဘေးကြားလေး) ပေါ်ဆန်းမျိုးများမှာလည်း ဒေသအလိုက် အခေါ်အဝေါ်အမျိုးမျိုး ကွဲပြားလျက်ရှိပါသည်။ ယခင်က ပေါ်ဆန်းစပါးမျိုးများကို ဧရာဝတီမြစ်ဝကျွန်းပေါ်ကဲ့သို့ ဒေသများတွင် အများအပြားစိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါ မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာဒေသ အနှံ့အပြားတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ပေါ်ဆန်းမွှေးစပါးမျိုး၏မွေးဖွားရာဒေသမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဖြစ်ပြီး စတင်မျိုးရွေးချယ်ထုတ်လုပ်ခဲ့သည့် မူရင်းဒေသအစစ်အမှန်မှာ ဒေသသုတေသနဗဟိုဌာန (မြောင်းမြ) ဖြစ်သည်ကို သုတေသနမှတ်တမ်းများအရ သိရှိခဲ့ရပါသည်။ ဒေသသုတေသနဗဟိုဌာန (မြောင်းမြ)ကို ၁၉၂၆ ခုနှစ်တွင် ဗဟိုစိုက်ပျိုးရေးခြံအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၄၄ ခုနှစ်တွင် မြန်မာ့ဒေသစပါးမျိုးများအား အပင်မျိုးမွေးမြူရွေးချယ်ရေးနည်းလမ်း (Pureline selection) နည်းဖြင့် မီးဒုံးအုပ်စုဝင် ပေါ်ဆန်းစပါးမျိုးများအနက် မျိုးမွေးမြူရေးနံပါတ် (D-44-8)မှ အပင်နံပါတ်(၈)အား ရွေးချယ်ပြီး ပေါ်ဆန်းမွှေးစပါးမျိုးကိုလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် မျိုးမွေးမြူရေးနံပါတ် (D-60-8)မှ အပင် နံပါတ်(၂)ကို ရွေးချယ်ကာ ပေါ်ဆန်းဘေးကြားစပါးမျိုးအဖြစ် လည်းကောင်း မျိုးရွေးချယ်၍ မျိုးသန့်ပွားများကာ ထုတ်လုပ်ဖြန့်ဖြူးခဲ့ပါသည်။ နိုင်ငံတော်မျိုးစေ့ကော်မတီမှ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ပေါ်ဆန်းမွှေးစပါးမျိုးအား မျိုးမှတ်ပုံတင်အမှတ် (RC-2000-37) ဖြင့်လည်းကောင်း၊ ပေါ်ဆန်းဘေးကြားစပါးမျိုးအား မျိုးမှတ်ပုံတင်အမှတ် (RC-2000-38)ဖြင့် လည်းကောင်း မျိုးစေ့မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

ရွှေဘိုပေါ်ဆန်းစပါးမျိုးအဖြစ် စတင်ပျံ့နှံ့ပုံမှာ ၁၉၉၇-၁၉၉၈ ခုနှစ်ခန့်တွင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ တောင်သူဦးထွန်းရီ၊ ဒေါ်ကြည်ညွန့်တို့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဗုံလုံကျေးရွာမှ ပေါ်ဆန်းဘေးကြား စပါးမျိုး လေးပြည်ယူဆောင်လာခဲ့ပြီး ယင်းလယ်မြေတွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါသည်။ စားသုံးသည့်ဓလေ့မတူ၍ အစပိုင်းတွင် တောင်သူကြိုက်နှစ်သက်မှု နည်းပါးသော်လည်း နှစ်အနည်းငယ်ကြာမှသာ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိ၍ စိုက်ပျိုးဖြစ်ထွန်းခြင်း၊ အထွက်နှုန်းသင့်တင့်ခြင်း၊ ဆန်ထွက် ကောင်းခြင်း၊ စားသုံးမှုအရသာကောင်းခြင်း၊ ဒေသတွင်းဘာသာရေး၊ လူမှုရေးပွဲများတွင် ပေါ်ဆန်းဘေးကြား ဆန်ဖြင့် ကျွေးမွေးညှော်ခံရာ၌ လူကြိုက်များ၍ သုံးစွဲမှုများပြားလာခြင်းတို့ကြောင့် ဒေသခံတောင်သူများ စိတ်ဝင်စားမှုရှိလာကာ တောင်သူချင်းမျိုးဖလှယ်၍ စိုက်ပျိုးမှု တစ်စတစ်စများပြားလာခဲ့ပါသည်။ ပေါ်ဆန်းစပါးသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ရှိ သဲနုန်းမြေအမျိုးအစားတွင် စိုက်ပျိုးဖြစ်ထွန်းပြီး ဆည်ရည်သောက်လယ်ဖြစ်သဖြင့် ရေကို လိုသလောက် ထိန်းညှိ၍ ပင်ပွားကိုလိုသလိုရယူနိုင်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင်မူ ပင်လယ်ဒီရေဆုံရာ ရေချို၊ ရေငန်စပ်ဒေသနှင့်မိုးရေချိန်လက်မ ၇၀ မှ ၈၀ ရွာသွန်းသော ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းပြီး ရေများပါက ပင်ပွားနည်း၍ အထွက်နှုန်းကျဆင်းခြင်း၊ မှို့ကပ်ချိန်၊ ပန်းပွင့်ချိန်တွင် မိုးရွာသွန်းပါက အထွက်နှုန်းကျဆင်းခြင်းများ ဖြစ်နိုင်ပါသည်။

## အရည်အသွေးနှင့် တန်ဖိုးအမြင့်ဆုံး စပါးမျိုးဖြစ်

ပေါ်ဆန်းမွှေးစပါးသည် မြန်မာနိုင်ငံတွင် အရည်အသွေးနှင့် တန်ဖိုးအမြင့်ဆုံး စပါးမျိုးဖြစ်ပြီး ဈေးကွက်တွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသော်လည်း သက်ကြီးစပါးမျိုးဖြစ်သဖြင့် စိုက်ပျိုးချိန်ကြာမြင့်ခြင်း၊ တစ်နှစ်လျှင်တစ်သီးသာစိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်း သင့်တင့်ရုံသာရရှိခြင်း၊ လင်းတာတုံ့ပြန်သည့်မျိုးဖြစ်ခြင်း စသည့်အားနည်းချက်များကို တွေ့ရှိရပါသည်။ ထိုသို့ပေါ်ဆန်းမွှေးစပါးမျိုး၏ အားနည်းချက်များကို ကျော်လွှားနိုင်ရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ "ဗီဇအချက်အလက်နည်းပညာများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ဆန်စပါးမျိုးမွေးမြူရေးကဏ္ဍအား မြှင့်တင်ခြင်း" စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ထိုစီမံကိန်း၏ရလဒ်အနေဖြင့် စားသုံးမှုအရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်ပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည့် ရေဆင်းပေါ်ဆန်း-၁ နှင့် ရေဆင်းပေါ်ဆန်း-၂ ဟူ၍ ပေါ်ဆန်းမွှေး စပါးမျိုးသစ် နှစ်မျိုးကို အောင်မြင်စွာ ရွေးချယ်မွေးမြူနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ်ထားသော ရေဆင်းပေါ်ဆန်း စပါးမျိုးသစ်များသည် ရာသီမရွေး စိုက်ပျိုးနိုင်ခြင်း(နွေစပါး၊ မိုးစပါးအဖြစ် စိုက်ပျိုးနိုင်ခြင်း)၊ အထွက်ကောင်း စပါးမျိုး အပင်ပုံစံရှိခြင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မိဘမျိုး ပေါ်ဆန်းမွှေးထက် သီးလုံးနှင့် သီးကိုင်း အရေအတွက်များခြင်း၊ အနံ့စရှည်ခြင်း စသည့် လက္ခဏာများပါရှိပါသည်။ ထို့ကြောင့် တောင်သူများ အနေဖြင့်လည်း အရည်အသွေးကောင်း သက်တမ်းစပါးအဖြစ် ရေဆင်းပေါ်ဆန်း-၁ နှင့် ရေဆင်းပေါ်ဆန်း-၂ စပါးမျိုးများကို ကျယ်ပြန့်စွာ စိုက်ပျိုးသင့်ကြောင်း အသိပေးတင်ပြအပ်ပါသည်။

**ရာသီမရွေးစိုက်ပျိုးနိုင်သည့် အထွက်ကောင်း ရေဆင်းပေါ်ဆန်းစပါးမျိုးများ ထုတ်လုပ်နိုင်ခဲ့**

ပေါ်ဆန်းမွှေးစပါးမျိုးကို ၁၉၄၄ ခုနှစ်တွင် ထုတ်လုပ်ခဲ့ပြီးနောက် ၇၅ နှစ်ခန့်အကြာ ယခုအခါတွင် ရာသီမရွေး စိုက်ပျိုးနိုင်သည့် အထွက်ကောင်း ရေဆင်းပေါ်ဆန်းစပါးမျိုးများ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့အပြင် ဒေသသုတေသနဗဟိုဌာန (မြောင်းမြ) သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြစ်သော ပေါ်ဆန်းစပါးများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး သုတေသနအဖြစ် “ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်း”ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မိုးရာသီကာလတိုင်းတွင် ဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာရှိ တောင်သူ ဦးကြည်ခိုင်စိုး၏ လယ်မြေ၌ ပေါ်ဆန်းဘေးကြားအုပ်စုဖြစ်သော ဧရာဝတီပေါ်ဆန်းကြီးနှင့် ဖျာပုံပေါ်ဆန်းကြီး၊ ပေါ်ဆန်းရင်အုပ်စုဖြစ်သော ဖျာပုံပေါ်ဆန်း၊ ရွှေဝါရင်၊ မြောင်းမြပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်း စသည့် ပေါ်ဆန်း ခြောက်မျိုးအား တောင်သူအခြေပြုသုတေသနပုံစံဖြင့် ဆောင်ရွက်ခဲ့ပါသည်။

မြေဆီလွှာဖွံ့ဖြိုးရေးနှင့် ဆန်အရည်အသွေးကောင်းမွန်စေရန် အောက်ပါနည်းလမ်းများကို အသုံးပြုခဲ့ပါသည်-

(က) **သစ်စိမ်းမြေဩဇာနှင့် မြေဆွေးစနစ်။** မိုးစပါးရိတ်သိမ်းချိန်တွင် စပါးရိုးပြတ်များကို အမြင့် တစ်ပေခွဲခန့် ချန်၍ ရိတ်သိမ်းစေပြီး ထယ်မှောက်ခြင်း၊ နွားချေးမြေဆွေး တင်း ၅၀ ကြဲပက်ခြင်းနှင့် သကြင်္န်လက်ဆေးမိုးရွာချိန်တွင် “ပိုက်ဆံလျှော်” ကြဲပက်၍ ပန်းပွင့်ချိန်၌ တလိမ့်ခုတ်ထယ်မှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ) **သဘာဝမြေဩဇာ။** မြေဆီလွှာပြုပြင်ရန်နှင့် မြေကြီးထဲရှိ အာဟာရဓာတ်အား အပင်မှအလွယ်တကူစားသုံးနိုင်ရန် ဟူးမစ်အခြေခံ သဘာဝမြေဩဇာဖော်မြူလာအသစ်ကို ပင်ပွားထွက်ချိန်နှင့် မှို့ကပ်ချိန်တို့တွင် စနစ်တကျထည့်သွင်း အသုံးပြုခဲ့ပါသည်။

(ဂ) **ဇီဝနည်းလမ်းဖြင့် ပိုးမွှားကာကွယ်ရေး။** နံ့စုပ်ကြမ်းပိုးအတွက် ဇီဝပိုးသတ်ဆေးနှင့် စပါးကုတ်ကျိုးရောဂါအတွက် ထရိုင်ကိုဒါးမား မှိုထုပ်ကို တစ်ဧကလျှင် ငါးထုပ်နှုန်းဖြင့် ငါးကြိမ်ဖျန်းပေးခြင်းဖြင့် ဓာတုကင်းလွတ်စေရန် ဆောင်ရွက်ခဲ့ပါသည်။

နှစ်အလိုက် စမ်းသပ်စိုက်ပျိုးမှုရလဒ်များအရ ဧရာဝတီပေါ်ဆန်းကြီးအား ဓာတုကင်းလွတ်နည်းပညာ အသုံးပြုစိုက်ပျိုးရန် ရွေးချယ်ခဲ့ပြီး တောင်သူများစုပေါင်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဧက ၂၅၀ အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြရာ ပျမ်းမျှအထွက်နှုန်းမှာ ၉၅ တင်း ဖြစ်ပါသည်။ ဓာတ်ခွဲစမ်းသပ်မှုများအရ သဘာဝမြေဩဇာဖြင့် စိုက်ပျိုးသော ဤပေါ်ဆန်းဆန်သည် ပိုမိုစူးရှသော မွှေးရနံ့ရှိခြင်း၊ စားသုံးမှုတွင် နူးညံ့ပျော့ပျောင်းပြီး ကျိုချက်ဒဏ်ပိုမိုခံနိုင်၍ စေးကပ်မှုရှိခြင်း စသည့် အရည်အသွေးကောင်းများ ရရှိလာသည်ကို တွေ့ရပါသည်။ ထို့ပြင် စိုက်ပျိုးပြီးနောက် မြေဆီလွှာအတွင်းရှိ အပင်မှ စုပ်ယူနိုင်သော ပိုတက်စီယမ် (K)၊ ဖော့စဖရပ်(P)နှင့် သစ်ဆွေးဓာတ်များ သိသာစွာ တိုးတက်လာသည်ကိုလည်း တွေ့ရှိရပါသည်။ မြေဆီလွှာ၏ ဒြပ်ဂုဏ်သတ္တိများ တိုးတက်စေခြင်း၊ သွင်းအားစုကုန်ကျစရိတ်သက်သာခြင်း၊ ဈေးကွက်ဝင်၍ မြင်သာသော အကျိုးအမြတ်များကို ရရှိစေခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး စားကောင်းသော ဆန်ရရှိစေခြင်း အစရှိသော အကျိုးကျေးဇူးများ ရရှိစေခဲ့ပါသည်။

**ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆု(တတိယ) ရရှိခဲ့သည့် ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း**

ထူးခြားသော အောင်မြင်မှုအဖြစ် ၂၀၂၅ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့သော **ဧရာဝတီပေါ်ဆန်းဖိုရမ်-၂၀၂၅** တွင် ပေါ်ဆန်း ၄၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရာ အထက်ဖော်ပြပါ ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်းသည် **“ပထမဆု”**ကို ဆွတ်ခူးရရှိခဲ့ပါသည်။ ဆန်၏ ရုပ်သွင်ပြင်၊ ချက်ပြုတ်မှု၊ စားသုံးမှုအရည်အသွေးနှင့် တောင်သူ၏ စိုက်ပျိုးပြုစုမှုစနစ်များအပေါ် မူတည်၍ အကဲဖြတ် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်းသည် MSME ပြပွဲများတွင် လူကြိုက်များလာခဲ့ပြီး (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲ၌ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ထုတ်ကုန်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆု(တတိယ)ရရှိခဲ့ပါသည်။

ပေါ်ဆန်းစပါးကို ဒေသရေမြေနှင့်ကိုက်ညီသည့် မြေအမျိုးအစားတွင် စိုက်ပျိုးချိန်၊ ထည့်သွင်းရမည့် မြေဩဇာနှင့် ထည့်သွင်းနည်းစနစ်၊ စိုက်စနစ်တို့ဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ပြီး ဟူးမစ်အခြေခံ သဘာဝမြေဩဇာကို အကျိုးရှိရှိအသုံးပြုမည်ဆိုပါက ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းကဲ့သို့ အရည်အသွေးမီ ပေါ်ဆန်းစပါးများ ထုတ်လုပ်မှု တိုးမြင့်လာနိုင်သကဲ့သို့ ပေါ်ဆန်းစပါးများ၏ ဈေးကွက်ခိုင်မာလာမည်ဖြစ်ပါသည်။ ထိုကဲ့သို့ပင် ပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်သည့် Supply Chain တစ်ခုလုံးရှိ စိုက်ပျိုးသူနှင့် ပြည်တွင်း ပြည်ပ တင်ပို့ရောင်းချသူများ၏ ဝင်ငွေတိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ ဈေးကွက်၊ ရောင်းချမည့်စနစ်၊ ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ စပါးမျိုးများ ရောနှောခြင်း၊ မျိုးကွဲ၊ မျိုးထွန်းများရောနှောခြင်း မရှိစေရေး အထူးသတိပြုဆောင်ရွက်သွားသင့်ပါသည်။

မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာဟုဆိုရာဝယ် အတိတ်ကာလကို ၁၉၄၄ ခုနှစ်မှ နာဂစ်ကာလ ၂၀၀၈ ခုနှစ်အထိ လည်းကောင်း၊ ပစ္စုပ္ပန်ကာလကို နာဂစ်လွန်ကာလ ၂၀၀၉ ခုနှစ်မှ ယနေ့အထိ လည်းကောင်း ဖော်ပြလိုပြီး အတိတ်ကာလအားနည်းချက်များကို ပြုပြင်ပြောင်းလဲလာကာ ပစ္စုပ္ပန်ကာလ၌ ဒေသအလိုက် ပေါ်ဆန်းမွှေးများ၏ အရည်အသွေး၊ ဈေးနှုန်း၊ ဈေးကွက်ခိုင်မာရေးအတွက် ထုတ်လုပ်သူ တောင်သူ၊ ကုန်သည်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ တွဲလက်ညီညီ ကြိုးစားဆောင်ရွက်သွားမှသာလျှင် မြန်မာ့ပေါ်ဆန်းမွှေး၏ ရွှေရောင်အနာဂတ်လှပလာမည်မှာ ဧကန်မလွဲပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)**

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ရှင်ရဲတစ်ထောင်အုတ်ကျောင်းတိုက် အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်

**ပုဂံ မတ် ၂၈**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲက ဇရိယာများ ပိုင်းခြားသတ်မှတ်၍ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေလုံခြုံရေးဌာနစိတ်မှ ဝန်ထမ်းများသည် ပုဂံဒေသ အမြဲသန့်ရှင်းသာယာလှပစေရေး ယနေ့နံနက်ပိုင်းက ပုဂံမြို့ဟောင်းရှိရှင်ရဲတစ်ထောင်အုတ်ကျောင်းတိုက် အတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေး ပြုလုပ်သည်။

ရှေးဟောင်း အဆောက်အအုံများ၏ ရင်ပြင်တော်မှ ပေ ၂၀ အကွာ ပတ်ပတ်လည် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ အပေါ်ပိုင်းတွင် ပေါက်ရောက်နေသော ပေါင်းမြက်များအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဆင်းတုတော်ရှိသော ဘုရားများ၏ လိုဏ်ပတ်လမ်းများရှိ ခိုချေးများ၊ ဖုန်များ၊ ပင့်ကူမျှင်များအား သန့်ရှင်းရေးဆောင်ရွက်ပြီး ဆင်းတုတော်များအား ရောင်တော်ဖွင့်ခြင်းလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂံဌာနခွဲ ယဉ်ကျေးမှုနယ်မြေ လုံခြုံရေးဌာနစိတ်မှ အရာထမ်း၊ အမှုထမ်းအင်အားဖြင့် ရက်သတ္တ တစ်ပတ်လျှင် တစ်ရက် ရှေးဟောင်းအဆောက်အအုံများအပေါ်ပိုင်း သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။



ယဉ်ကျေးမှုနယ်မြေ လုံခြုံရေးဌာနစိတ်အင်အား ၁၅ ဦးဖြင့်ပုဂံမြို့ဟောင်းရှိရှေးဟောင်းအဆောက်အအုံအမှတ်-၁၃၇၁(ရှင်ရဲတစ်ထောင်ကျောင်း) အတွင်း၊ အပြင်၊ အုတ်တံတိုင်းများပေါ် ပေါက်ရောက်လျက်ရှိသည့် ပေါင်းပင်များကို ရှင်းလင်းဆောင်ရွက်ခဲ့သည်။ **ဒီပါလင်း**



# ကြို့ပင်ကောက်မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပ

**ကြို့ပင်ကောက် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို တိုက်ကျောင်းပါဠိတက္ကသိုလ်၌ ကျင်းပရာ ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမမြောက်နေ့ကို ယနေ့မွန်းတည့်တွင် ဆက်လက်ကျင်းပသည်။

အဆိုပါစာမေးပွဲများကို မတ် ၂၃ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမမြောက်နေ့ကို သံဃာတော် ၃၇ ပါးနှင့် သီလရှင် ၁၁ ပါး စုစုပေါင်း ၄၈ ပါး ဝင်ရောက်ဖြေဆိုခဲ့သည်။

၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုသံဃာတော်၊ သာမဏေနှင့် သီလရှင်များ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဩဝါဒဆရာတော်များ၊ စာဖြေဌာနကြီးကြပ်ရေးဆရာတော်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

# မုံရွာခရိုင်၌ AML/CFT အသိပညာပေး မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**မုံရွာ မတ် ၂၈**

မုံရွာခရိုင် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် AML/CFT အသိပညာပေးမြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာခန်းမ၌ ကျင်းပသည်။




ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးထွန်းတို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ခရိုင်အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပို့ချဆွေးနွေးခဲ့ပြီး သင်တန်းသို့ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများနှင့် အထွေထွေဆွေးနွေးမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်

**မိုင်းယောင်း မတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်နေမှုကို ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝေဝေခိုင်(ပြန်/ဆက်)**



# မိုင်းပျဉ်းမြို့၌ မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**မိုင်းပျဉ်း မတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ မိုင်းပျဉ်း-မက်မန်းလမ်းအထွက်ဘက်တွင်သန့်ရှင်းသာယာမှု ရှိစေရေး၊ ရောဂါဘယကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ယနေ့ နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မိုင်းပျဉ်း-မက်မန်းလမ်း အထွက်ဘက် လမ်းဘေးဝဲယာရှိ အမှိုက်သရိုက်များ၊ ချုံနွယ်များ၊ ရေမြောင်းများ၊ သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့တို့က စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# ရွှေကျင်မြို့နယ်၌ အခြေခံအားကစားသင်တန်းများဖွင့်

**ရွှေကျင် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းများကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဒေါ်သီသီဆိုင်က ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ရက်အတွင်း စိတ်လေလွင့်မှုမရှိဘဲ အားကစားကို စိတ်ပါဝင်စားစွာ လေ့ကျင့်စေခြင်းဖြင့် စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားကာ ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါသင်တန်းများမှာ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ Fitness exercises စသည့်သင်တန်း စုစုပေါင်း သုံးမျိုးတို့ဖြစ်ပြီး သင်တန်းများကို ရွှေကျင်မြို့နယ်အားကစားကွင်း၊ မြို့မဘောလုံးကွင်း၊ အထက(ရွှေကျင်)ကျောင်းတို့၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဒေါ်သီသီဆိုင်နှင့် ဝန်ထမ်းများက သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



**ထွန်းထွန်းဇော်(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်

**မင်းဘူး မတ် ၂၈**

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မတ် ၂၅ရက်ကဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းတို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။

ထိုသင်တန်းများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ နွေရာသီ အားလပ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အနေဖြင့် စာရေးခြင်း၊ စာဖတ်ခြင်းများနှင့် စာကျက်ခြင်းများအပြင် မိမိတို့ ဝါသနာပါသည့် အသိပညာ၊ အတတ်ပညာများဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းများကို အခမဲ့ ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး ယဉ်ကျေးလိမ္မာသင်တန်းကို ဆရာမဒေါ်မိုးဆွေက လည်းကောင်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းကို အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ဟူ၍ နှစ်မျိုးခွဲသင်ကြားပြီး ဆရာမ ဒေါ်မြမြမျိုးသူနှင့် ဆရာမ ဒေါ်အိအိသန့်တို့က လည်းကောင်း သင်ကြားပေးလျက်ရှိသည်။



အဆိုပါ သင်တန်းများမှ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၅ ရက်မှ ဧပြီ ၃၀ ရက်အထိ ကျောင်းသားကျောင်းသူ ၃၀ဖြင့်လည်းကောင်း၊ အခြေခံ အင်္ဂလိပ်စာသင်တန်းကို မတ် ၂၇ ရက်မှ ဧပြီ ၃၀ ရက်အထိ မူလတန်းနှင့် အလယ်တန်း ကျောင်းသားကျောင်းသူ ၃၀ဖြင့်လည်းကောင်း စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

## သာကေတမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရိုးရာခြင်းအလုခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရိုးရာခြင်းလုံးအလုခတ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီ တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသော အသင်းများအား ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို ထူပါရုံအသင်းက လည်းကောင်း၊ ဒုတိယဆုကို တစ်ခေတ်ဆန်းအသင်းက လည်းကောင်း၊ တတိယဆုကို နဝရတ်အသင်းက လည်းကောင်း ရရှိခဲ့ကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**



## ပင်လောင်းမြို့နယ်၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေးသင်တန်းဖွင့်

**ပင်လောင်း မတ် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး မြို့နယ်အဆင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးတင်ငွေကအမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စာသင်ခန်းများတွင် ဆက်လက်ပြုလုပ်ရာ နည်းပြ ၂၇ ဦးနှင့် အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမ ၂၈၅ ဦးတို့က စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးခြင်း၏ သဘောထားများ၊ စိတ်ပိုင်းဆိုင်ရာ ကနဦး ကူညီစောင့်ရှောက်မှုပေးခြင်း၊ ဘေးကင်းလုံခြုံပြီး ကာကွယ်စောင့်ရှောက်မှုပေးသည့် သင်ယူပျော်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်းနှင့် အကောင်အထည်ဖော်ရေး အစီအစဉ်များကို မတ် ၂၈ ရက်မှ ၃၀ ရက်ထိ သုံးရက်တာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**မိုင်းဆတ် မတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က ခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးဝင်းမြတ်သူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များကို အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများနှင့် မီးခလုတ်ထားရှိမှု၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများ (သဲပုံး၊ ရေပုံး၊ ခိုင်ခံ့သော မီးချိတ်မီးကပ်၊ လှေကား) ဆောင်ရွက်ထားရှိမှုနှင့် ရေသိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံနှင့် မီးငြိမ်းသတ်ခြင်း၊ Gas မီးငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှု ငြိမ်းသတ်ခြင်းစသည်တို့ကို လက်တွေ့သရုပ်ပြလေ့ကျင့်ရာ ခရိုင်နှင့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းတက္ကသိုလ် တက်ရောက်သည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်

**တပ်ကုန်း မတ် ၂၈**

တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူများနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ တက်ရောက်သင်ကြားသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်ငွေ ပေးအပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးငွေပဒေသာပင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ဆေး၊ ဆေးဘက်ဆိုင်ရာ၊ သွားဘက်ဆိုင်ရာ၊ နည်းပညာ၊ ပညာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးတက္ကသိုလ် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃ ဦး နှစ်ဝက်စာအတွက် ငွေကျပ် ၃၉ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



## မိုင်းရှူးမြို့၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေး ဆင့်ပွားသင်တန်းဖွင့်

**မိုင်းရှူး မတ် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး ဆင့်ပွားဆွေးနွေးပွဲသင်တန်းကို ယနေ့ နံနက် ၉ နာရီက မိုင်းရှူးမြို့ အခြေခံပညာ အထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ဆောင်ရွက်သည်။



အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သက်ချို၊ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်မော်နှင့် အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုးထွေးတို့က ကျောင်းသား ကျောင်းသူများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ပိုမိုကောင်းမွန်စေရန်နှင့် ဆရာ ဆရာမများ၏ စိတ်လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ မြှင့်တင်နိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးပို့ချ**

ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၇၆ ဦး တက်ရောက်ရာ သင်တန်းအတွင်း စိတ်ဖိစီးမှုများကို ကိုင်တွယ်နည်းများ၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ခံစားချက်များကို နားလည်သဘောပေါက်နိုင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ အရေးပေါ် အခြေအနေများတွင် ကူညီပေးနိုင်မည့် နည်းလမ်းများကို သင်တန်းနည်းပြ ခြောက်ဦးဖြင့် သင်တန်းကာလ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**

လျှပ်စစ်ကို ချွေတာ သုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

# နိုင်ငံတစ်ဝန်း မြို့နယ်များ၌ သန့်ရှင်းသာယာလှပစေရေး၊ စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော်  မတ်  ၂၈

နိုင်ငံတစ်ဝန်း မြို့နယ်များ၌ သန့်ရှင်းသာယာလှပစေရေး၊ စိမ်းလန်းစိုပြည်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ဘုရားစေတီပုထိုးများ၊ လမ်းဘေးဝဲယာများ၌ အမှိုက်သရိုက်များ လှည်းကျင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။


ဇလွန်မြို့နယ်
ဝေယံ(ပြန်/ဆက်)


မိုင်းခတ်မြို့နယ်
နန်းနွယ်နီ(ပြန်/ဆက်)


ဖယ်ခုံမြို့
မြို့နယ်(ပြန်/ဆက်)


ချောင်းသာမြို့
မျိုးဝင်း(ပြန်/ဆက်)


ကော့ကရိတ်မြို့
ခရိုင်(ပြန်/ဆက်)


ကျောက်ဆည်မြို့
သက်မောင်(ကျောက်ဆည်)


မော်လမြိုင်မြို့
ခင်စန်းမြင့်(ပြန်/ဆက်)


မြဝတီမြို့
ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပပြုလုပ်

**နေပြည်တော် မတ် ၂၈**

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားသို့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက တက်ရောက်မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ သင်တန်းများတွင် ဆုရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြသူများနှင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီး ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် အသီးသီးပြုလုပ်ခဲ့ကြသည်။

အလားတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များတွင်လည်း (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




















တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပစဉ်။

◆ *ကျောဖုံးမှ*

ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့သို့ သွယ်တန်းထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁၆) မိုင်အား ကော့ကရိတ်ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ကျုံဒိုးမြို့ လျှပ်စစ်မှူးရုံးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း အင်အား ၁၄ ဦးတို့ဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၂၄ ရက်တွင် ဓာတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါ ဓာတ်အားလိုင်းပြတ်တောက်ခဲ့သည့် ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့တို့ကို ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဘားအံမြို့နယ်ရှိ ၆၆/၁၁ ကေဗွီ (၁၀) အမ်ဗွီအေ မိသရောင် ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း မိုင် ၄၀ ခန့်ကို ပြန်လည်ပြုပြင်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျုံဒိုးမြို့ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၅ ရက် ပထမအဆင့်အနေဖြင့် ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၁၁ ကေဗွီ ကျုံဒိုး– ကော့ကရိတ် ဓာတ်အားလိုင်း (၁၆) မိုင်ကို လိုအပ်သော စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်တွင် ကျုံဒိုးမြို့မှ တံတားကျိုး စစ်ဆေးရေးဂိတ်အထိနှင့် ကော့ကရိတ်ဓာတ်အားခွဲရုံသို့ အဆင့်ဆင့် ဓာတ်အားစတင်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကော့ကရိတ် ဓာတ်အားခွဲရုံမှတစ်ဆင့် ကော့ကရိတ်မြို့ပေါ်ရှိ အရေးကြီးနေရာများ၊ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် အများပြည်သူနေအိမ်များကို လိုအပ်သော ဓာတ်အားလိုင်း စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်ပြီး တစ်ဆင့်ချင်း ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






၁၁ ကေဗွီ ကျုံဒိုး – ကော့ကရိတ် ဓာတ်အားလိုင်းတစ်လျှောက် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။






# မိုးညှင်းမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ဆုနှင်းသဘင်ကျင်းပ

**မိုးညှင်း မတ် ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာသင်ကျောင်းတိုက်အသီးသီးမှ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်နှင့် သီလရှင်များအား ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဥတ္တရာ ရာမကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဆရာတော်ကြီးနှင့် ဆရာတော်/ သံဃာတော်ကြီးများအား အမှူးထား၍ ငါးပါးသီလခံယူဆောက်တည်ကြကာ မော်ပင့်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာနိန္ဒ ဆရာတော်ကြီးထံမှ ဩဝါဒကထာ တရားနာယူကြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတော်မူပြီးနောက် စာအောင်သံဃာ/သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိုးညှင်းတက္ကသိုလ်မှ ပါမောက္ခချုပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်တို့က စာအောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းကြသည်။

မိုးညှင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ပထမကြီးတန်းတွင် သံဃာတော်နှင့် သီလရှင် သုံးပါး၊ ပထမလတ်တန်းတွင် သံဃာတော်/သီလရှင်နှင့် လူပုဂ္ဂိုလ် လေးပါး/ဦး၊ ပထမငယ်တန်းတွင် သံဃာတော်/သီလရှင်နှင့် လူပုဂ္ဂိုလ် ၁၃ ပါး/ဦး ၃၃ ပါး စုစုပေါင်း ၅၃ ပါးကို တာဝန်ရှိသူများက



အခြေပြုမူလတန်းတွင် သံဃာတော်နှင့် သီလရှင် ဆုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## သမဝါယမအသင်းသား တောင်သူများအား ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ရမည်းသင်း မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာန၌ အိန္ဒိယနိုင်ငံအကူအညီဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက် Quick Impact Project – QIP စီမံကိန်းအရ သမဝါယမအသင်းသားတောင်သူများအား Raka-666 ဝါမျိုးစေ့များထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုသက်တံရောင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များ Quick Impact Project – QIP စီမံကိန်းဖြင့်ဆောင်ရွက်မည့် ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်း အမှုဆောင်အဖွဲ့နှင့်အသင်းသားများ ၊ နန်းသီရိ စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်း အမှုဆောင်အဖွဲ့နှင့် အသင်းသားများ တက်ရောက်ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိက လုပ်ငန်းတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဖြစ်ပေါ်လာနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ အသင်းသားတောင်သူ ၁၄၅ ဦး၊ ဝါစိုက်ဧက ၄၀၀ အတွက် Raka-666 ဝါမျိုးစေ့ အိတ် ၄၀၀ ကို အသင်းသားတောင်သူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဘုန်းမြတ်**

## ကွမ်းခြံကုန်းမြို့နယ်အဆင့် တိုင်းရင်းသား စာပေ၊ အဆို၊ အကနှင့် ရိုးရာလက်မှုပြိုင်ပွဲကျင်းပ

**ကွမ်းခြံကုန်း မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းတို့မှပူးပေါင်းကျင်းပသည့် တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲကို ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာ အရှေ့ကျောင်းတိုက်၌ ယမန့်နေ့က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာမြို့နယ်သံဃနာယကဥက္ကဋ္ဌဦးပဏ္ဍိက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကရင်တိုင်းရင်းသားစာပေပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ ကရင်ရိုးရာဒုံးအကတွင် ဆုရရှိသော ဒုံးယိမ်းအဖွဲ့အား ဆုချီးမြှင့်ခြင်း၊ ကရင်ရိုးရာရှေ့ထွက်(ရာတည) အဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပြီး ကရင်ရိုးရာအကဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



## ပဲခူးမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခြင်းရက်လုပ်နည်းသင်တန်းဖွင့်

**ပဲခူး မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်၊ မိမိ၏ ကိုယ်ပိုင်အားလပ်ချိန်တွင် မိသားစုဝင်ငွေရရှိစေမည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အထောက်အကူပြုရန် ယိုးဒယားကြိုးဖြင့် လူသုံးကုန်ခြင်းရက်လုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်အေးအေးသွယ်က အခြေခံအသက်မွေးဝမ်းကျောင်းပညာရပ် ဖြစ်သော ယိုးဒယားခြင်း ရက်လုပ်နည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းတွင် သင်တန်းသူ ၁၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၂၈ ရက် မှ ၃၀ ရက်အထိ သင်ထောက်ကူပစ္စည်းများဖြင့် သုံးရက်ကြာ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် ရှင်းလင်းဆွေးနွေးပွဲကျင်းပ



**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR) အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၆ ရက်က ကျောက်တံတားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ ကျောက်တံတားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်စုက ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာနှင့် ပတ်သက်ပြီး ပြည်သူများပိုမိုသိရှိနိုင်ရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ မတ် ၂၇ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရမည်းသင်းမြို့နယ် ရမည်းသင်း- သိမ်ကုန်းကားလမ်း မိုင်တိုင်အမှတ် ၅ မိုင် ၃ ဖာလုံအနီး၌ အမှတ်(၉၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ရမည်းသင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဝါးဖြူတောင်ကျေးရွာနေ ဦးအောင်ဆိုင်းခွန်(၃၇) နှစ် မောင်းနှင်လာသည့် KCN-16 7F/xxxx Toyota hilux Vigo ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်ဆိုင်းခွန်အား ရမည်းသင်းမြို့မရဲစခန်း (ပ)၇၀/၂၀၂၆၊ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။





## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။







## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နှုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်း ခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက် များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။


အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

FAME
RejuMax®
For rejuvenation
ပျိုရွယ်နုဆေး
TMR 016443 (0927)
၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
Ph: 09-95 500 5000

FAME
BerryTec®
Longevity flavonoid
စတော်ဘယ်ရီဆေး
TMR 016793 (0628)
၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
Ph: 09-95 500 5000
အရွယ်မတိုင်မီ
အိုမင်းရင့်ရော်မှုကို
လျော့နည်းစေ၍
ကျန်းမာနုပျိုစေခြင်း

## ပတ်စ်ပို့ပျောက်

ဒေါ်သီသီဝင်း ၁၃/ကခန (နိုင်)၀၂၀၃၀၉ ၏ နိုင်ငံကူး လက်မှတ်နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-09442956576

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၃)၊ ဆင်ခေါင်းလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(ဆင်ခေါင်းလေး/ပြင်)၊ ဦးပိုင်အမှတ် (N၁၂၃/က)၊ ဧရိယာ(၁.၁၈)ဧကအကျယ်ရှိသည့်မြေကွက်အား မူလပိုင်ရှင် ဦးမြင့်ကြိုင် ထံမှ ဦးဇော်ဝင်းထိုက်မှ(၂၇.၁၂.၂၀၀၉)ရက်စွဲပါအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးကိုကိုနေဲ(ခ) ဦးဇော်ဝင်းထိုက်ထံမှ (၄.၁၂.၂၀၂၂) ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ (၁) ဦးကျော်ဇင်ဟိန်း၊ (၂) ဦးရဲသူဟန် (၃)ဒေါ်ခင်ရီ၊ (၄) ဦးသိန်းမောင်ကြည်တို့မှဝယ်ယူခဲ့ပြီး ၄င်းတို့(၄)ဦးမှ မြေဧရိယာ(၁.၁၈)ဧကကို ပြန်လည်ပိုင်း၍(၃.၁၁.၂၀၂၃) ရက်စွဲပါမြေကွက် ပိုင်ဆိုင်ကြောင်း ခွဲဝေ၍ ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်အရယခုရောင်းချသူ ဦးကျော်ဇင်ဟိန်းမှ ၄င်းရရှိပိုင်ဆိုင်ခဲ့သည့် အရှေ့ (၁၃၃)ပေ၊ အနောက်(၁၂၂)ပေ၊ တောင်(၇၀)ပေ၊ မြောက်(၇၅)ပေအကျယ်ရှိသည့် မြေကွက်ထဲမှအရှေ့(၇၃)ပေ၊အနောက်(၆၂)ပေ၊ တောင်(၇၀)ပေ၊ မြောက်(၇၅)ပေ အကျယ်ရှိသည့် မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်တင်ဝင်းမှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါကြောင်း၊ ငွေအပြေအကြေပေးချေထားပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိတိကျကျခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ နှင့် တကွယခုကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ဖြစ်မြောက်မှုအပေါ် ကန့်ကွက်သူမရှိ ကင်းရှင်းပါကြောင်း ဥပဒေနှင့်အညီအတည်ပြုသွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/21809 Owl 110 ယာဉ်လက်ဝယ်ရှိသူ Kamax Myanmar Co.,Ltd က (ကမ-၃)ပျောက်မိတ္တူလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/20483 Luojia Dream LT110 ယာဉ် လက်ဝယ်ရှိသူ ဒေါ်နွယ်မာဌေး ၉/မဟမ(နိုင်)၀၂၉၈၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့ အဆင့် - ၆)၊ ဦးပိုင် (၂၈၃)၊ ဧရိယာ(၀ ဒသမ ၀၉၆)ဧက၊ အမှုတွဲအမှတ် ၄၃၉- ၅/၁၉၉၅-၁၉၉၆(စီ)၊ ဗိုလ်မှူးရွှေမိုး၊ ကြည်း-၁၅၁၈၀ - အမည်ပေါက် မြေကွက် အား ဗိုလ်မှူးရွှေမိုး၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်စယ်ရှုံး ၁၃/သနန(နိုင်)၀၁၈၅၆၈ မှ ဒေါ်ရှောက်ဆီး ၁၃/ကလတ(နိုင်)၀၂၃၃၂၀ ထံသို့ စာချုပ်အမှတ်(၄၆၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်သဖြင့် ဒေါ်ရှောက်ဆီးအမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူ မရှိပါက ဒေါ်ရှောက်ဆီးအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထား မှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အမည်မှန်

(ဘ) ဦးချစ်ကိုကို၏သား ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ (၁) မြဝတီ၊ Grade(4)မှ မောင်ဘုန်းပြည့်လျှံ ၏ အမည်မှန်မှာ မောင်လင်းကောင်းသန့် ဖြစ်ပါကြောင်း။

**မောင်လင်းကောင်းသန့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ် မြို့နယ်၊ ဒန့်ဒလွန်ပင် ကျေးရွာ အုပ်စု၊ ရွာသစ် (ရ) ကျေးရွာတွင် မူလတန်း ကျောင်းအုပ်တာဝန် ထမ်းဆောင်နေသော ဒေါ်ရီမွန်နှင့် ဒေါ်ရည်မွန်မှာ အမည်နှစ်မျိုးကွဲလွဲ နေသော်လည်း တစ်ဦးတည်းဖြစ် ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပျော်ဘွယ်မြို့နယ်၊ ကုန်းသာအုပ်စု၊ ကုန်းသာကျေးရွာနေ (ဘ) ဦးမောင်မောင် - (မိ) ဒေါ်မြင့်မြင့်စိန်တို့၏သား မောင်ဝိုင်း ၉/ပဘန(နိုင်) ၂၈၇၁၆၀ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲမိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း။

**မိဘ ဦးမောင်မောင် - ဒေါ်မြင့်မြင့်စိန်**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သုမင်္ဂလာအဆင့်မြင့်ဈေး (ညံ့တောဈေး)၊ ပြင်ဦးလွင်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်၊ သုမင်္ဂလာအဆင့်မြင့်ဈေး (ညံ့တောဈေး)ရှိ အောက်ဖော်ပြပါ အမျိုးအစားအလိုက် တင်ဒါစနစ်ဖြင့် ငှားရမ်းပေးမည်ဖြစ်ပါသည်–

| စဉ် | အမျိုးအစား | ကြမ်းခင်းဈေး(ကျပ်) |
|---|---|---|
| (က) | မြေအောက်ထပ် Basement ကား၊ ဆိုင်ကယ်ရပ်နားခ ကောက်ခံခွင့် လိုင်စင် (၁)နှစ်ငှားရမ်းခ | ၂၉၇၀,၀၀၀၀၀/- |
| (ခ) | ဒုတိယထပ် ဆိုင်ခန်း (၂)ခန်း နှင့် တတိယထပ် ဆိုင်ခန်း (၆)ခန်း ငှားရမ်းခြင်း (၁)လငှားရမ်းခ (၁) စတုရန်းပေလျှင် | ၂၀၀၀/- |
| (ဂ) | ဘက်စုံသုံးခန်းမ (၈၂၇၅)စတုရန်းပေ ငှားရမ်းခြင်း(၁)နေရာ (၁)နှစ် ငှားရမ်းခ | ၁၂၀၀,၀၀၀၀၀/- |
| (ဃ) | LED ကြော်ငြာဘုတ် (၁၆၅'x၂၈') ငှားရမ်းခြင်း (၁)ခု (၁)နှစ် ငှားရမ်းခ | ၅၀၀,၀၀၀၀၀/- |
| (င) | စတုတ္ထထပ်ရှိ Language Center (၁၂၂၂)စတုရန်းပေ(၁)နေရာ (၁)နှစ် ငှားရမ်းခ | ၂၉၃,၂၈၀၀၀/- |
| (စ) | ပဥ္စမထပ်ရှိ Fitness Center (၁၂၇၄) စတုရန်းပေ (၁)နေရာ (၁)နှစ် ငှားရမ်းခ | ၃၀၅,၇၆၀၀၀/- |

(ဆ) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် – (၁.၄.၂၀၂၆) မှ (၇.၄.၂၀၂၆) ထိ၊ အချိန် (၀၉:၃၀)နာရီမှ (၁၅ : ၀၀)နာရီ
(ဇ) တင်ဒါလျှောက်လွှာ/ အိတ်ဖွင့်လေလံ ရောင်းချမည့်နေရာ – ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးရုံး၊ ပြင်ဦးလွင်မြို့
(ဈ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက် – ( ၈ . ၄ . ၂၀၂၆) ရက်၊ ( ၁၅ : ၀၀)နာရီ
(ည) အိတ်ဖွင့်လေလံရောင်းချမည့်နေ့ရက် – (၉.၄.၂၀၂၆)ရက်၊ (၁၀:၀၀) နာရီ

၂။ အဆိုပါ သုမင်္ဂလာဈေး (ညံ့တောဈေး)၏ လုပ်ငန်း / ဆိုင်ခန်းနေရာ ငှားရမ်းခြင်းအတွက် လုပ်ငန်းအမျိုးအစားအလိုက် အိတ်ဖွင့်တင်ဒါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြင်ဦးလွင်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ သတ်မှတ်ချိန်အတွင်း တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ် အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ(ဖုန်းနံပါတ်၊ ၀၉- ၄၄၄၀၃၈၇၇၁ ၊၀၉-၂၂၁၆၄၂၆)သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/6773 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ (ငွေနံ့သာကျေးရွာအုပ်စု)၊ ဦးပိုင်ကွင်းအမှတ် (၄၉၅/အေ)၊ မြေကွက်အမှတ် (၃၆၆) အကျယ်အဝန်း(ပေ ၁၀၀xပေ ၁၂၀)ရှိ ဦးတင်အောင် (အိပ်ဂျီယူ-၀၃၆၃၅၆) အမည်ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကျေးရွာများနေရာပြောင်းရွှေ့ချထားရေးအဖွဲ့မှ ပေးအပ်ထားသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်စာတမ်းများနှင့်တကွ ဦးသန်းအေး (၁၂/လကန(နိုင်)၁၀၃၄၁၄)ထံမှ (၇-၃-၂၀၁၄) ရက်တွင် ကျွန်မ ဒေါ်အိကေသွယ် (၁၂/အလန(နိုင်)၀၃၃၉၁၇)မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါအရောင်းအဝယ်ပြုလုပ်ရန်ရှိပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အိကေသွယ် ၁၂/အလန(နိုင်)၀၃၃၉၁၇**
**ဖုန်း-၀၉-၄၂၁၁၆၂၁၆၆**

## လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ Delta Plaza၊ တိုက်-B၊ အခန်း(၈၀၄)နေ ဒေါ်ပြုံးပြုံးစံ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ပြုံးပြုံးစံ(၁၄/ဝခမ(နိုင်)၁၅၁၅၅၈)နှင့် ဦးစန်းဌေးဦး (၁၂/ကတတ(နိုင်)၀၀၄၆၃၉) တို့သည် တစ်ဦးနှင့်တစ်ဦး လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် ဗဟန်းမြို့နယ်တရားရုံးတော်တွင် (၁၀-၃-၂၀၂၆) ရက်က အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။ ထို့အပြင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများအားလုံးကိုလည်း နှစ်ဦးသဘောတူ ခွဲဝေရယူခဲ့ကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ပြုံးပြုံးစံနှင့် ဦးစန်းဌေးဦးတို့သည် တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေးလုပ်ငန်းတို့တွင် မည်သို့မျှသက်ဆိုင်ပက်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသိန်းဟန် (LL.B,DBL)** | **ဒေါ်ဝင်းဝင်းခိုင် (LL.B,D.C.S,C.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၃၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၆)** |
| **ဒေါ်အိရွှေစင် (LL.B,DBL,DIL)** | **ဦးရဲမျိုးမင်းကျော် (LL.B,DBL,DIL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၀၀)** |

**ဖုန်း- ၀၉ -၄၅၁၆၁၄၁၉၅၊ ၀၉ -၄၀၀၄၀၀၉၉၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အိမ်အမှတ်(၂၄)၊ မြေကွက်အမှတ်(၃၃၇) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ နှစ်(၆၀) မြေငှားဂရန်၊ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီသီဌေး(၁၂/သခန(နိုင်)၀၀၀၁၄၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ ပန်းခြံ(၄)၊ အောင်သစ္စာလမ်း၊ အမှတ် (၁၅၅၂/က) (ခြေရင်းခြမ်း)ရှိအလျားအနံပေ (၁၀x၆၀)မြေကွက်နှင့် ၎င်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးစိုင်းဇော်ထွန်း (၁၂/ရပသ(နိုင်)၀၄၁၄၆၀)မှ ဥပဒေနှင့် အညီတရားဝင်လက်ဝယ်ပိုင်ဆိုင်လျက်ရှိပြီး ၎င်းမှသာရောင်းချခွင့်ရှိကြောင်း ပြောဆိုကာ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးဖြိုး (၁၂/တကန(နိုင်)၁၇၆၇၇၉)မှ ဝယ်ယူရန် သဘောတူပြီးဖြစ်ကာ စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်ခြံမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါ က အထက်ပါအိမ်ခြံမြေအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ဒေါ်အေးအေးဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ်(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၅၃)
ဖုန်း-၀၉-၄၂၀၂၉၉၀၀၀

## မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ရက်ပြောင်းလဲသတ်မှတ်ခြင်းနှင့် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို (၂၉-၃-၂၀၂၆)မှ (၂၉-၄-၂၀၂၆ ) ရက်စွဲသို့ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။ ဗဟိုအလုပ်အမှုဆောင်၊ အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲအား အောက်ပါအစီအစဉ် အတိုင်း ကျင်းပပြုလုပ်ပါမည်–

**ကျင်းပမည့်နေ့ရက်** – ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၉) ရက် (ဗုဒ္ဓဟူးနေ့)
**ကျင်းပမည့် အချိန်** – နံနက် (၁၀:၀၀) နာရီ
**ကျင်းပမည့်နေရာ** – အခန်း (၄၀၆)၊ ၄လွှာ ၊ UMFCCI Office Tower, အမှတ် (၂၉) ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အသင်းသားသက်တမ်း(၁)နှစ်ရှိပြီး အလုပ်အမှုဆောင်အရည်အချင်း သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အလုပ်အမှုဆောင်အဖြစ် ပါဝင်ရွေးချယ်ခံလိုသော အသင်းဝင်များအနေဖြင့် (၂၄-၄-၂၀၂၆)ရက် ညနေ(၁၆:၀၀) နာရီ နောက်ဆုံးထားပြီး အသင်းရုံးသို့ဆက်သွယ်စာရင်းပေးပို့ပါရန်အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေး အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်–

**ကျင်းပမည့်နေ့ရက်** – ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၉) ရက် (ဗုဒ္ဓဟူးနေ့)
**ကျင်းပမည့် အချိန်** – မွန်းလွဲ (၁၄:၀၀) နာရီ
**ကျင်းပမည့်နေရာ** – မင်္ဂလာခန်းမ၊ ပထမထပ်၊ UMFCCI Tower, အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

တက်ရောက်မည့် အသင်းဝင်များသည် အသင်းရုံး ဖုန်း ၀၁-၂၁၈၃၆၇၊ ၀၉-၄၃၁၂၇၆၅၆ သို့ (ရုံးချိန် အတွင်း) ၂၄-၄-၂၀၂၆ ရက်မတိုင်မီ စာရင်းပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်**
**စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၆၉၆)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးမောင်ထွန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၁၄/၂၀၂၂ဖြင့် လွှဲအပ်ခြင်းခံရသူဦးတင်ဝင်း ၉/တကန(နိုင်)၀၀၃၃၀၅ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးအောင်ဟိန်း(ဘ)ဦးဟိန်တင် ၉/တကန(နိုင်)၀၀၀၁၉၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၈-ရပ်ကွက်၊ ဇောတိကပန်းခြံလမ်း၊ မြေတိုင်းအမှတ် ၆၊ မြေကွက် အမှတ် ၁၉/က၊ ပေ(၂၄X ၆၀)အကျယ်ရှိ ဒေါ်နီ ဂရန်အမည်ပေါက် ရေမီးအပါအဝင် ဦးရဲမင်းထွန်းပိုင်ဆိုင်သော တစ်ထပ်တိုက်နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းတစ်ဦးတည်းမှတရားဝင်လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းခွင့်ရှိသူဖြစ်ကြောင်း ဦးရဲမင်းထွန်း(၈/မတန(နိုင်)၀၄၁၉၆၁)ထံမှ ဝန်ခံကတိရရှိပြီး ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သိန်းဝင်း(၁၂/ကမရ(နိုင်)၀၁၀၂၁၀)မှ အထက်ဖော်ပြပါအိမ်ခြံမြေအား ဥပဒေနှင့်အညီ နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်း အဝယ်စရန်ပေးကတိစာချုပ်” ချုပ်ဆို၍ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား အပြည့်အစုံမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်အားပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သိန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ထက်သူဇာလွင် (LL.B)(D.B.L)(D.I.P.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၁၈)**
**တိုက်(၃၇)ဒီ-၂၊ ဈေးပတ်လမ်း၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၇၄၁၄၁၈၊ ၀၉-၇၉၉၆၉၂၅၁၆ (Email;htetthuzarlwin.lawyer@gmail.com)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/1792 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/7717, Daihatsu Hijet S200P, Pickup (4X2) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းရှိန် ၉/မနမ(နိုင်)၀၆၄၈၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1479, Honda CRV(RD1) Station Wagon(4X4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၁၂/မရက(နိုင်) ၀၉၆၁၂၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင်လုပ်ငန်းအားလုံးကို လေလံစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (၂၃-၄-၂၀၂၆)နေ့မှ (၇-၅-၂၀၂၆)နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပွဲတော်ဈေးဆိုင်ခန်းများအပါအဝင် လုပ်ငန်းအရပ်ရပ်ကို လုပ်ကိုင်လိုသူများအား တပေါင်းတည်း လေလံစနစ်ဖြင့် ခွင့်ပြုမည်ဖြစ်ရာ(၄-၄-၂၀၂၆)နေ့ ညနေ (၄)နာရီတွင် လေလံလျှောက်လွှာပိတ်သိမ်းမည်ဖြစ်ပြီး (၅-၄-၂၀၂၆)နေ့ နံနက် (၉)နာရီတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(၂၁-၃-၂၀၂၆)နေ့ မြန်မာ့အလင်း နှင့် ကြေးမုံသတင်းစာပါ လေလံကြော်ငြာစာအား ပယ်ဖျက်လိုက်ပါသည်။ **ဆက်သွယ်ရန်ဖုန်းနံပါတ် ၊ ၀၉-၇၇၁၆၃၆၈၉၂**

**ဂေါပကရုံးအဖွဲ့မှူး၊ ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်အမှတ်(၈)ရပ်ကွက်၊ မြေတိုင်း (၂၇)၊ မြေကွက်အမှတ် (J ၁)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(J ၂)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(J ၃)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ်(J ၄)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ်(J ၅)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (J ၆)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (J ၇)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(J ၈)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ်(J ၉)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် ( J ၁၀ )၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (J ၁၁)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (J ၁၂ )၊ မြေဧရိယာ (၀.၁၁၀) ဧက၊ မြေကွက်အမှတ် ( K ၁ )၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(K ၂)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(K ၃)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(K ၄)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (K ၅)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(K ၆)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ်(K၇)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (K ၈)၊ မြေဧရိယာ(၀.၁၁၀)ဧက ရှိ မြေအား ဒေါ်ကြူမေလွင် မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက မြေငှားဂရန်အသစ်လျှောက်ထားခြင်းအား လျှောက်ထားခြင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/83836 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၇/ညလပ(နိုင်)၁၇၁၅၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/11884 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၇/သနပ(နိုင်)၀၆၇၃၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အမှတ်(၁/ခ)နေ ဒေါ်တင်တင်ထက်(၁၂/ရကန(နိုင်)၀၇၄၆၁၀)(ခေတ္တ-ထိုင်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ထက်နှင့် ဦးထက်နိုင်စိုး(၁၂/ဗတထ(နိုင်)၀၃၇၅၂၄)တို့သည် (၂၅-၁၁-၂၀၁၉) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလုပ်၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ပြီး၊ (၈-၂-၂၀၂၆)ရက်တွင် “နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကတိစာချုပ်”အား ရှေ့နေနှင့် အသိသက်သေများရှေ့မှောက်တွင် အဝေးရောက်စာချုပ်ချုပ်ဆို၍ တရားဝင်အကြင်လင်မယားအဖြစ်မှ မိမိတို့၏ သဘောဆန္ဒအရ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပါသည်။ တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်နောက် ဒေါ်တင်တင်ထက်၏ မိဘအမွေပစ္စည်းများနှင့် ၎င်း၏ ကိုယ်ပိုင်ဝင်ငွေဖြင့် ရှာဖွေထားသော ပစ္စည်းများအား ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ ပိုင်ရေးပိုင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်း၊ အသရေဖျက်စော်ကား ပြောဆိုခြင်းတို့ကို လုံးဝမပြုလုပ်ကြရန်နှင့် ပြုလုပ်လာပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ထက်(၁၂/ရကန(နိုင်)၀၇၄၆၁၀)၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်မွန်(LL.B) အထက်တန်းရှေ့နေ၊ စဉ်-၃၃၉၄၆**
**အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ – ၄၄၃၀၀၃၈၄၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင် တောင်ရပ်ကွက်၊ ဆင်ဝင်လမ်း၊ အမှတ်(၁၉-ဘီ)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၈(၁/၂)ထပ်တိုက်၏ ၅ လွှာ(ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၅ပေ-ပေ၄၀)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသည့် ကိုယ်ပိုင်ရေမီတာ၊ ကိုယ်ပိုင်မီးမီတာ၊ ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နန်းဖြူဖြူလှိုင်(ဘ)ဦးသိန်းလှိုင်(၁၄/မမန(နိုင်)၁၅၉၆၄၆)မှ လက်ဝယ်ပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု သည့်အတွက် ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေပေးပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်တင်ဇာနည်နေဝင်း** | **ဒေါ်ခင်နီလာအောင်** |
| **(စဉ်-၉၅၇၃)** | **(စဉ်-၁၅၉၉၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၆၀/ဒီ၊အေးရိပ်သာ(၂)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ် ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-09-43081694,095228165**

## လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိခြင်း
## ဦးတင်မြင့်အောင်
### (မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း၊ နည်းစနစ်ကော်မတီဥက္ကဋ္ဌ)
### အသက်(၅၉)နှစ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင် နာမကျန်းချိန်မှစ၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယကကြီး ဦးအောင်ကိုဝင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မြန်မာနေရှင်နယ်လိဂ်မှ CEO နှင့် ဝန်ထမ်းများအားလည်းကောင်း၊ မြန်မာနေရှင်နယ်လိဂ်ဘောလုံး အသင်းများမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘောလုံးသမားများအား လည်းကောင်း၊ အထက်မြန်မာပြည်ဘောလုံးသမားဟောင်းများအသင်း(မန္တလေး)အားလည်းကောင်း၊ နာမကျန်းချိန်မှစ၍ ကြပ်မတ်ကြည့်ရှုကုသပေးကြပါသော အသည်းရောဂါအထူးကုသမားတော်ကြီး ပါမောက္ခဒေါ်ဝင်းဝင်းဆွေ၊ Grand Hantha ဆေးရုံမှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ သူနာပြုများအားလည်းကောင်း၊ အဘက်ဘက်မှ ဂရုတစိုက် ဝိုင်းဝန်းကူညီအားပေးကြပါသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိခြင်း
## ဦးတင်မြင့်အောင်
### (မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း၊ နည်းစနစ်ကော်မတီဥက္ကဋ္ဌ)
### အသက်(၅၉)နှစ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင် နာမကျန်းချိန်မှစ၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ အကောက်ခွန်ဘောလုံးသမားများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကွက်သစ်နေ ဦးစံညို ၏သမီး မနှင်းဝေ ၅/ဒပယ(နိုင်)၁၃၆၇၃၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MH-668550 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 15W/02241 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံ)

## အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ အေးသာယာအကွက်အမှတ် (၅၀)၊ အကွက်အမည် (ရေထွက်ဦးမြောက်)၊ မြေကွက်အမှတ် (၆၉)၊ ဧရိယာ(၀.၁၀၀)ကေရှိ ဂရန်အမှုတွဲအမှတ် (၇၈၅/၁၉၉၁)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား ဒေါ်ဝင်းဝင်းခိုင် ၉/မထလ(နိုင်)၀၀၄၆၀၈ မှ (၂-၁၁-၂၀၁၄)ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါဝိုင်းမြေနှင့် ယင်းဝိုင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဝင်းဝင်းခိုင် သိရှိသဘောတူညီမှုမရှိဘဲ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ စရန်ငွေရယူထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းများ ပြုလုပ်ခဲ့ပါက ပါဝင်ပတ်သက်သူအားလုံးကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းခိုင် ၉/မထလ (နိုင်) ၀၀၄၆၀၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်တိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၄၂)**
**ဝန်ဇင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉- ၄၂၈၃၂၁၉၉၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 13W/03645 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မြင်းခြံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/23287, Honda Wave 100, M/C အား၊ စစ်တွေမြို့၊ ဓညဝတီရပ်ကွက်နေ ဦးဇော်လင်းနိုင် ၁၁/စတန(နိုင်) ၁၃၈၂၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/7938, NP MODEL-3(110), M/C ယာဉ်လက်ဝယ်ရှိသူ Myanmar New Power Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သရက်)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 15W/17253 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မြင်းခြံ)

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၇)၊ မြေကွက်အမှတ် (၇၆၉)၊ အကျယ်အဝန်း (၄၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်သည် ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေယာဌာနတို့တွင် အမှတ်စဉ်အမှတ် (၁၁၅၄)အရ ဦးရီ (၁၂/အစန(နိုင်)၀၉၅၅၇၅) အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းထိုက် (၁၀/ကမရ(နိုင်) ၀၅၈၃၆၇) မှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိမှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမြာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |

**အခန်းအမှတ် (308)၊ Office Tower (3), Time City,ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## ဦးမောင်မောင်အေး(ဒိုက်ဦး)
### ကထိက(ငြိမ်း)
### နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ အမှတ် ခ/၅၉၃၊ ၈လမ်း (တောင်)နေ ဦးသာဒွန်း-ဒေါ်စိန်ညွန့် တို့၏သား၊ (ကိုအောင်မျိုးသန့်) ၏ဖခင်၊ ဒေါ်ခင်ခင်စိုး ၏ ခင်ပွန်းဖြစ်သူ ဦးမောင်မောင်အေး သည် ၂၈-၃-၂၀၂၆ ရက် နံနက် (၆:၃၀) နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ (၃) နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၂၆ ရက်(သောကြာနေ့) နံနက် ၁၀:၃၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးလှူဒါန်းမည်ဖြစ်ပါသဖြင့် အရှေ့ကြို့ကုန်း (၁၀)လမ်း(တောင်) ဗြူးကုန်းတောရစာသင်တိုက်သို့ ကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက် ၊ ကြယ်စင်အိမ်ရာ ဇုန် (A)၊ တိုက် (A-4)၊ (၈)လွှာ၊ အခန်း (809)ဟုခေါ်တွင်သော (၉၀၅)စတုရန်းပေရှိ 2 Bedroom အမျိုးအစားကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်မေမီမီဇော်(၁၂/တမန(နိုင်)၁၁၅၆၉၂) ထံမှ ကျွန်ုပ် ဦးစိုးသူရ (၁၂/ကတတ(နိုင်)၀၂၄၉၂၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသူရ**
**၁၂/ကတတ(နိုင်)၀၂၄၉၂၅**
**ဖုန်း-၀၉-၄၃၁၁၁၁၀၁**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးစိုးမြင့် (ဘ)ဦးကျော်မောင် ၁၃/ကလတ(နိုင်) ၀၀၀၉၃၁၊ မင်းကုန်းကျေးရွာ၊ မင်းကုန်းအုပ်စု၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ပုဂံလမ်း/ကွက်၊ မြေကွက်အမှတ်-ပစ(င)၅၄၉၆ဟု ခေါ်တွင်သော အကျယ်အဝန်းအလျား ပေ(၆၀)၊ အနံပေ(၄၀)ရှိ အရှေ့လားသော်-လမ်း၊ အနောက်လားသော် မြေကွက်အမှတ်-ပစ(င)၅၄၉၅)၊ တောင်လားသော်-မြေကွက်အမှတ်-ပစ(င)၅၅၀၈၊ မြောက်လားသော် လမ်းစသည့်အလား လေးရပ်အတွင်းရှိမြေကွက်မှာ ကျွန်ုပ်၏အမှုသည် ဦးစိုးမြင့် လက်ရှိထားပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါဝိုင်းခြံမြေကွက်အတွင်းသို့ မည်သူတစ်ဦး တစ်ယောက်မျှ ဝင်ရောက်ခြင်း၊ ကျူးကျော်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း ပြုလုပ်ခွင့်မရှိကြောင်းနှင့် ထိုသို့ပြုလုပ်ဆောင်ရွက်ခဲ့ပါကဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးမောင် (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၅၃၈၃)**
**မင်္ဂလာရပ်၊ ပျဉ်းမနားမြို့၊ ၀၉-၂၅၉၂၃၄၄၆၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ ARA Residences၊ တိုက်အမှတ် (Y48)၊ အခန်းအမှတ်(105)A၊ မြေညီထပ်၊ အခန်းအမျိုးအစား(Studio)၊အကျယ်အဝန်းဧရိယာ (၃၆၂) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးကျော်လှိုင်ဦး ၁၂/မဂတ(နိုင်)၀၈၉၀၁၁ ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်တော် ဦးကောင်းထွဋ် ၁၂/ဥကမ(နိုင်) ၀၀၃၃၈၅ က စရန်ငွေပေးချေခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်တော့်ထံသို့ စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းထွဋ်**
**၁၂/ဥကမ(နိုင်)၀၀၃၃၈၅**
**ဖုန်း - ၀၉-၅၁၂၇၂၇၉**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမြတ်ရှင်ရပ်ကွက်၊ အကွက် (၄၁၄/၁)၊ ဦးပိုင်(၂-စ+၃-င)၊ ဧရိယာ(၀.၀၂၉၉ + ၀. ၀၂၈၇)ကေအကျယ်အဝန်းရှိ မြေကွက်များမှာ ဒေါ်ကြည်ကြည်စိန်၊ ဒေါက်တာ ဦးဝင်းစိန်၊ ဒေါ်ဥမ္မာသိန်း (၃)ဦး အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက် အမည်ပေါက်သူများအနက် ဒေါ်ကြည်ကြည်စိန်သည် ဦးဘသိန်းနှင့် အိမ်ထောင်ကျပြီး (၁) ဒေါ်မူမူသိန်း (၂)ဦးကိုကို (ခ)သိန်းဇော်ဦး (၃) ဒေါ်ကြည်ကြည်သိန်း (၄)ဒေါ်ဥမ္မာသိန်း တို့ (၄)ဦးကိုမွေးဖွားခဲ့ပါသည်။ ဖခင်ဦးဘသိန်းနှင့် မိခင်ဒေါ်ကြည်ကြည်စိန်တို့သည် ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများဖြစ်ကြသည့်အားလျော်စွာ ဖခင် ဦးဘသိန်းသည် (၁-၇-၂၀၀၈) ရက်ကလည်းကောင်း၊ မိခင် ဒေါ်ကြည်ကြည်စိန်သည် (၉-၈-၂၀၂၀) ရက်ကလည်းကောင်း အသီးသီးကွယ်လွန်သဖြင့် အဆိုပါမြေကွက်များ ဂရန်အမည်ပေါက်သူ ဒေါက်တာ ဦးဝင်းစိန်၊ ဒေါ်ဥမ္မာသိန်းနှင့် ဒေါ်မူမူသိန်း၊ ဦးကိုကို (ခ)သိန်းဇော်ဦး ၊ ဒေါ်ကြည်ကြည်သိန်းတို့ (၅)ဦးမှ မြန်မာဓလေ့ထုံးတမ်းအရ အမွေဆက်ခံသူများအဖြစ် ကျန်ရစ်ခဲ့ပြီး အဆိုပါဂရန်မြေကွက်ပေါ်တွင် ဆက်လက်၍ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ ယင်းဂရန်မြေကွက်အား ရောင်းချထားခြင်း၊ စရန်ငွေများလက်ခံရယူထားခြင်း၊ ပေါင်နှံထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း၊ ဘဏ်နှင့် စည်ပင်သာယာရေးအသင်းအဖွဲ့များထံတွင် အာမခံတင်သွင်းထားခြင်းများ မရှိသည့်အပြင် ဒေါက်တာ ဦးဝင်းစိန်ပါ(၃)ဦးအမည်ပေါက် ဂရန်မူရင်းမှာ အသိမ်းဆည်းလွန်အထားမှား၍ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာရုံးဌာနများ၏ ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် ဂရန်အပျောက်လျှောက်ထားမည်ဖြစ်ပါသည်။ ဂရန်ပျောက်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြေကွက်ဂရန်အမည်ပေါက်သူနှင့် အမွေဆက်ခံခွင့်ရှိသူများ၏ လွှဲအပ်ချက်အရ**
**ဦးအောင်ကျော်ထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၇၀၆)**
**၅၆လမ်း၊ ၂၈x၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း -၀၉-၂၅၉၁၁၅၃၃၀၊ ၀၉-၉၇၇၀၂၇၈၇၁။**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်မြင့်
### အ.ထ.က-၅ ဗိုလ်တထောင် အထက်တန်းပြ(ငြိမ်း)
### အ.ထ.က -၂ မြောက်ဥက္ကလာ အထက်တန်းပြ(ငြိမ်း)
### အသက် (၉၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၉၃)နေ (ဦးမောင်ငယ်- ဒေါ်စောညွန့်)တို့၏သား၊ (ဦးမောင်မောင်သိန်း-ဒေါ်ခင်ခင်သိန်း) တို့၏သားသမက်၊ ဒေါ်ခင်လှကြီး(ခ)ဒေါ်မာလာသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မိုး(ခ)ဦးကျော်စွာထက်-ဒေါ်ဇင်ဇာ၊ ဦးနိုင်လင်းကျော်-ဒေါ်သန်းသန်းဝင်း တို့၏ဖခင်၊ ကိုကျော်ဇင်သက်၊ မခိုင်စုဝေ၊ မောင်လင်းအားမာန်၊ မယုဝတီနိုင်လင်းတို့၏အဘိုးသည် ၂၇-၃-၂၀၂၆ရက် (သောကြာနေ့) ညနေ ၅:၃၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၆ရက် (တနင်္ဂနွေနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးအမှုအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် ၂-၄-၂၀၂၆ရက် (ကြာသပတေးနေ့) နံနက်တွင် တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၉၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် မိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 20W/75992 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/4398 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဆန်းရပ်၊ မန်ကျီးကုန်းနယ်မြေ၊ သမုန်းကုန်း (၂)လမ်းရှိ အရှေ့လားသော်-ဒူးလမ်းကြား၊ အနောက်လားသော်-ဦးသက်နိုင်ဦး၏ အိမ်ဝိုင်းမြေ၊ တောင်လားသော်-သမုန်းကုန်း (၂) လမ်း၊ မြောက်လားသော်-ဦးဇေယျာဝင်း ၏ အိမ်ဝိုင်းမြေ စသည့်အလားလေးရပ်အတွင်းရှိ ရှေ့မျက်နှာစာ (အရှေ့-အနောက်) ၃၂ပေ၊ ကျောဘက်ခြမ်း (အရှေ့-အနောက်) ၄၇ပေ၊ အရှေ့ဘက်ခြမ်း (တောင်-မြောက်) ၆၃ပေ၊ အနောက်ဘက်ခြမ်း (တောင်-မြောက်) ၅၂ပေ၊ အကျယ်ရှိ ဝိုင်းမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် (၄ပင် x ၃ပင်) RC ၄ ထပ်တိုက် အဆောက်အအုံ(၁)လုံး (ရွှေဖူးသစ်-အမျိုးသမီးအဆောင်)၊ အိမ်သုံးလျှပ်စစ်မီတာ (၁)လုံး၊ စည်ပင်သာယာရေတိုင် (၁)တိုင်တို့အား ဒေါ်ဝင်းဝင်းခိုင် ၉/မထလ(နိုင်)၀၀၄၆၀၈ မှ (၂၄-၁၀-၂၀၂၂)ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဝိုင်းမြေနှင့် အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေမီတာတို့အား ဒေါ်ဝင်းဝင်းခိုင် သိရှိသဘောတူညီမှုမရှိဘဲ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ စရန်ငွေရယူထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းများ ပြုလုပ်ခဲ့ပါက ပါဝင်ပတ်သက် သူအားလုံးကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းခိုင် ၉/မထလ (နိုင်) ၀၀၄၆၀၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်တိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၄၂)**
**ဝန်ဇင်းရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း- ၀၉-၄၂၈၃၂၁၉၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/14141, Canda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရဲလွင် ၉/အမဇ(နိုင်)၀၀၇၃၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/7888, ANU, M.P.V (ANU-MPV-01), Micro Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမောင်မောင် ၉/မဟမ(နိုင်) ၀၃၅၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၉၊ မြေကွက်အမှတ်-၅၃၃၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်အား ဂရန်အမည်ပေါက် ပိုင်ရှင် ဒေါ်မေသူဦး(၁၂/စခန(နိုင်)၀၄၉၃၇၁)က မိမိတစ်ဦးတည်း ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေ ဦးထွန်းလင်းကျော်(၁၂/သလန(နိုင်)၀၀၈၂၉၉)သို့ ရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းလင်းကျော်(၁၂/သလန(နိုင်)၀၀၈၂၉၉)၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယုယုဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၇၉/၂၆-၂-၂၀၁၅)**
**အမှတ်(၄၈၃)၊ မြရတနာ(၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉- ၄၂၁၁၂၁၀၄၆**

❖ **မိမိတို့ဒေသတွင်းလိုအပ်သည့် ရောင်းလိုအားနှင့်ဝယ်လိုအားကိုတွက်ချက်၍ ကုန်ထုတ်လုပ်မှုများကို စနစ်တကျဆောင်ရွက်ရန်လို...**

❖ **ထိုမှတစ်ဆင့် ပိုလျှံသည့်ထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သဖြင့် ဒေသဝင်ငွေတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်...**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပြုလုပ်သော မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ အခက်အခဲများရှိပါက Call Center သို့ မေးမြန်းတိုင်ကြားနိုင်



နေပြည်တော် မတ် ၂၈

ပြည်သူများစက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ထားသော အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်မှစတင်၍ ရောင်းချပေးလျက်ရှိပြီး ကျန်မြို့များတွင်လည်း ယခုစနစ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိရာ စက်သုံးဆီဝယ်ယူရာတွင် အခက်အခဲများရှိပါက ကူညီဖြေရှင်းပေးနိုင်ရေးအတွက် Call Center ကို ဖွင့်လှစ်ထားရှိကာ နေ့စဉ်နံနက် ၆နာရီမှ ည ၁၀နာရီအထိ မေးမြန်းလာမှုများအပေါ် ဖြေရှင်းပြန်ကြားဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် စက်သုံးဆီဝယ်ယူရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ သတင်းထုတ်ပြန်ချက်များအပေါ် သိရှိမေးမြန်းလိုသည်များရှိပါက စွမ်းအင်ဝန်ကြီးဌာန Call Center ဖုန်းအမှတ်၊

*စာမျက်နှာ ၁၃ ကော်လံ ၁* ❑

## ကရင်ပြည်နယ် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့များသို့ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် မတ် ၂၈

ကရင်ပြည်နယ် ကေဗွီ ၂၃၀ သဃ်န်းညီနောင်(မြဝတီ)ဓာတ်အားခွဲရုံမှ ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့များသို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၆၆ ကေဗွီ မြဝတီ – ကော့ကရိတ် ဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် (၄၅၊ ၄၆၊ ၄၇) တို့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးခံရခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့အပါအဝင် ကျေးရွာများ ဓာတ်အားပြတ်တောက်ခဲ့သည်။ *စာမျက်နှာ ၂၄ ကော်လံ ၁* ◆






## မိုင်ယာမီအိုးပင်းဗိုလ်လုပွဲ ကမ္ဘာ့အဆင့် (၂) အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ်ခ်ဆင်းနား တက်ရောက်

**မိုင်ယာမီအိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၂) အီတလီတင်းနစ် အကျော်အမော် ဂျန်းနစ်ခ်ဆင်းနားက ဂျာမနီနာမည်ကြီး အလက်ဇန္ဒြား ဇီဗာရက်ဗ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆–၃၊ ၇–၆ (၇–၄) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။**

ဆင်းနားသည် ယခုဗိုလ်လုပွဲမတိုင်မီ မိုင်ယာမီအိုးပင်းနောက်ဆုံး ဗိုလ်လုပွဲသို့ သုံးကြိမ်တက်ရောက်ထားသည်။ ၎င်းသည် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင် ဘူလ်ဂေးရီးယားတင်းနစ်အကျော်အမော် ဂရီဂေါလ် ဒီမီထရော့ဗ်ကို ၆–၃၊ ၆–၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားသည်။ ၎င်းသည် ယခုပြိုင်ပွဲ မတိုင်မီ ကျင်းပခဲ့သည့် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက်ဒန်နီယေးလ် မက်ဗီဒက်ဗ်ကို အနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူးထားသည်။

၎င်းသည် မိုင်ယာမီအိုးပင်း နောက်ဆုံးဗိုလ်လုပွဲတွင် ချက်ဇ်တင်းနစ်ကစားသမား လီချက်ကာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လီချက်ကာသည် ဆီမီးဖိုင်နယ်တွင် ပြင်သစ်တင်းနစ်ကစားသမား အာသာဖေးလ်ကို ၆–၂၊ ၆–၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၅* ○

**ယနေ့ မာတိကာ**

**ဆော်ဒီအာရေဗျနိုင်ငံက ပျက်စီးခဲ့သည့်မြေဟက်တာ တစ်သန်းကို ပြန်လည်ထိန်းသိမ်းကာ သစ်ပင် ၁၅၉ သန်းကျော် စိုက်ပျိုး**

နိုင်ငံတကာသတင်း စာ ၁၄